# ရပ်ကွက်သို့မဟုတ်ကျေးရွာအုပ်စုအုပ်ချုပ်ရေးဥပဒေပြင်ဆင်ခြင်း

## ရပ်ကွက်သို့မဟုတ်ကျေးရွာအုပ်စုအုပ်ချုပ်ရေးဥပဒေ

## (၂၀၁၂ခုနှစ်၊ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ်၁။)

## ၁၃၇၃ခုနှစ်၊တပေါင်းလဆန်း၃ရက်

## (၂၀၁၂ခုနှစ်၊ ဖေဖော်ဝါရီလ ၂၄ ရက်)

## နိဒါန်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ၂၈၉တွင် ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု၏ အုပ်ချုပ်ရေးကိုရပ်ရွာက ကြည်ညိုလေးစားပြီး သိက္ခာသမာဓိရှိသည့်ပုဂ္ဂိုလ်တစ်ဦးဦးအား ဥပဒေနှင့်အညီ ခန့်အပ်တာဝန် ပေးဆောင်ရွက်စေရမည်ဟု ပြဋ္ဌာန်းထားသည့်အလျောက် ယင်းသို့ခန့်အပ်တာဝန်ပေးပြီး ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု၏ အုပ်ချုပ်ရေးဆိုင်ရာလုပ်ငန်းများကို ထိရောက်စွာအကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် အလို့ငှာ ပြည်ထောင်စု လွှတ်တော်သည်ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

## အခန်း(၁)

## အမည်နှင့်အဓိပ္ပာယ်ဖော်ပြချက်

၁။ ဤဥပဒေကိုရပ်ကွက်သို့မဟုတ်ကျေးရွာအုပ်စုအုပ်ချုပ်ရေးဥပဒေဟုခေါ်တွင်စေရမည်။

၂။ ဤဥပဒေတွင်ပါရှိသောအောက်ပါစကားရပ်များသည်ဖော်ပြပါအတိုင်းအဓိပ္ပာယ်သက်ရောက်စေရမည်-

(က) **ရပ်ကွက်** ဆိုသည်မှာ သက်ဆိုင်ရာမြို့နယ်နိမိတ်အတွင်းရပ်ကွက် အဖြစ်ဤဥပဒေအရနယ်နိမိတ် သတ်မှတ် ဖွဲ့စည်းသည့် ဒေသကိုဆိုသည်။

(ခ) **ကျေးရွာ** ဆိုသည်မှာ သက်ဆိုင်ရာမြို့နယ်နိမိတ်အတွင်းပါဝင်ခြင်းမရှိသည့် နယ်မြေတွင်ကျေးရွာအဖြစ် ဤဥပဒေအရနယ်နိမိတ်သတ်မှတ်ဖွဲ့စည်းသည့်ဒေသကိုဆိုသည်။

(ဂ) **ကျေးရွာအုပ်စု** ဆိုသည်မှာ ကျေးရွာတစ်ရွာကိုဖြစ်စေ၊ ကျေးရွာအများကိုစုစည်း၍ဖြစ်စေ ကျေးရွာအုပ်စုအဖြစ် ဤဥပဒေအရ နယ်နိမိတ် သတ်မှတ်ဖွဲ့စည်းသည့်ဒေသကို ဆိုသည်။

(ဃ) **မြို့** ဆိုသည်မှာသက်ဆိုင်ရာ ရပ်ကွက်များကိုစုစည်း၍မြို့အဖြစ် ဤဥပဒေအရနယ်နိမိတ်သတ်မှတ် ဖွဲ့စည်းသည့်ဒေသကိုဆိုသည်။

(င) **မြို့နယ်** ဆိုသည်မှာ သက်ဆိုင်ရာ ရပ်ကွက်များကိုဖြစ်စေ၊ သက်ဆိုင်ရာ ကျေးရွာအုပ်စုများနှင့်မြို့ကို ဖြစ်စေစုစည်း၍မြို့နယ်အဖြစ် ဤဥပဒေအရနယ်နိမိတ် သတ်မှတ်ဖွဲ့စည်းသည့်ဒေသကိုဆိုသည်။

(စ) **ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုစာရေး** ဆိုသည်မှာ သက်ဆိုင်ရာရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုတွင် နိုင်ငံ့ဝန်ထမ်းအဖြစ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနက ခန့်အပ်ထားသော စာရေးဝန်ထမ်းကို ဆိုသည်။

(ဆ) **ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး** ဆိုသည်မှာ သက်ဆိုင်ရာ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်ချုပ်ရေး လုပ်ငန်းများကိုဆောင်ရွက်ရန် ဤဥပဒေအရ ခန့်အပ်တာဝန်ပေးခြင်းခံရသော ပုဂ္ဂိုလ်ကိုဆိုသည်။

(ဈ) **မြို့နယ်အုပ်ချုပ်ရေးမှူး** ဆိုသည်မှာ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အုပ်ချုပ်ရေးမှူးကို ဆိုသည်။

(ည) **ခရိုင်အုပ်ချုပ်ရေးမှူး** ဆိုသည်မှာခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနအုပ်ချုပ်ရေးမှူးကိုဆိုသည်။

(ဋ) **အိမ်ထောင်ဦးစီး** ဆိုသည်မှာ သက်ဆိုင်ရာဥပဒေအရ သတ်မှတ်ထားသော အိမ်ထောင်စုဦးရေ စာရင်းပုံစံတွင် အိမ်ထောင်ဦးစီးအဖြစ် ဖော်ပြထားခြင်းခံရသူကိုဆိုသည်။

## အခန်း(၂)

## ရပ်ကွက်သို့မဟုတ်ကျေးရွာအုပ်စုများဖွဲ့စည်းရေး

၃။ သက်ဆိုင်ရာ တိုင်းဒေသကြီးသို့မဟုတ်ပြည်နယ်ဝန်ကြီးချုပ်က ဖြစ်စေ၊ နေပြည်တော်ကောင်စီက ဖြစ်စေ ထောက်ခံ တင်ပြချက်အရ နိုင်ငံတော်သမ္မတ၏ သဘောတူညီချက်ဖြင့်ပြည်ထောင်စုအစိုးရအဖွဲ့ ပြည်ထဲရေးဝန်ကြီးဌာနသည်အမိန့်ကြော်ငြာစာထုတ်ပြန်လျက်-

(က) မြို့နယ်နိမိတ်အတွင်း ရပ်ကွက်များကိုဖွဲ့စည်းခြင်း၊ပြင်ဆင်ခြင်း သို့မဟုတ် အမည်ပြောင်းလဲခြင်း ပြုနိုင်သည်။

(ခ) မြို့နယ် နိမိတ်ပြင်ပတွင် ကျေးရွာများဖွဲ့စည်းခြင်း၊ ပြင်ဆင်ခြင်းသို့မဟုတ် အမည်ပြောင်းလဲခြင်း ပြုနိုင်သည်။

(ဂ) ပုဒ်မခွဲ(ခ)အရ ဖွဲ့စည်းသည့်ကျေးရွာတစ်ရွာကိုဖြစ်စေ၊ ကျေးရွာအများကိုစုစည်း၍ဖြစ်စေ၊ ကျေးရွာအုပ်စု အဖြစ်ဖွဲ့စည်းခြင်း၊ ပြင်ဆင်ခြင်း သို့မဟုတ် အမည်ပြောင်းလဲခြင်းပြုနိုင်သည်။

(ဃ) ပုဒ်မခွဲ(က)အရ ဖွဲ့စည်းသည့်ရပ်ကွက်များကိုစုစည်း၍ မြို့သို့မဟုတ်မြို့နယ်အဖြစ် ဖွဲ့စည်းခြင်း၊ ပြင်ဆင်ခြင်း သို့မဟုတ်အမည်ပြောင်းလဲခြင်း ပြုနိုင်သည်။

(င) ရပ်ကွက်များကိုဖြစ်စေ၊ ကျေးရွာအုပ်စုနှင့်မြို့များကိုဖြစ်စေ စုစည်း၍ မြို့နယ်အဖြစ်ဖွဲ့စည်းခြင်း၊ ပြင်ဆင်ခြင်း သို့မဟုတ် အမည်ပြောင်းလဲခြင်းပြုနိုင်သည်။

၄။ မြို့များအက်ဥပဒေ (၁၉၀၇ခုနှစ်၊မြန်မာနိုင်ငံအက်ဥပဒေအမှတ်၃)နှင့် ကျေးရွာအက်ဥပဒေ (၁၉၀၇ခုနှစ်၊ မြန်မာနိုင်ငံအက်ဥပဒေအမှတ်၆)အရ သတ်မှတ်ထားသောမြို့၊ ရပ်ကွက်၊ ကျေးရွာအုပ်စုနှင့်ကျေးရွာများသည် ဤဥပဒေအရ ပြင်ဆင်ဖွဲ့စည်းခြင်းမပြုသရွေ့သတ်မှတ်သည့်မြို့၊ ရပ်ကွက်၊ကျေးရွာအုပ်စုနှင့်ကျေးရွာများ ဖြစ်သည်ဟုမှတ်ယူရမည်။

၅။ အောက်ပါအရည်အချင်းများနှင့်ပြည့်စုံရမည်-

(က) နိုင်ငံသားမိဘနှစ်ပါးမှမွေးဖွားသောနိုင်ငံသားဖြစ်ခြင်း၊

(ခ) အသက်၂၅နှစ်ပြည့်ပြီးသူဖြစ်ခြင်း၊

(ဂ) သင့်တင့်သောပညာအရည်အချင်းရှိသူဖြစ်ခြင်း၊

(ဃ) စားဝတ်နေရေးဖူလုံမှုရှိသူဖြစ်ခြင်း၊

(င) သက်ဆိုင်ရာရပ်ကွက် သို့မဟုတ်ကျေးရွာအုပ်စုအတွင်း တစ်ဆက်တည်း အနည်းဆုံးဆယ်နှစ်နေထိုင်လျက် ရှိသူဖြစ်ပြီး လက်ရှိတာဝန်ထမ်းဆောင်ချိန်တွင်သက်ဆိုင်ရာ ရပ်ကွက်သို့မဟုတ် ကျေးရွာ အုပ်စုတွင် အမှန်တကယ်နေထိုင်မည့်သူဖြစ်ခြင်း၊

ခြွင်းချက်။ ဒေသခံအငြိမ်းစားဝန်ထမ်းဖြစ်ပါက သက်ဆိုင်ရာရပ်ကွက်သို့မဟုတ် ကျေးရွာအုပ်စုအတွင်း နေထိုင်သည့်ကာလကိုလျှော့ပေါ့စဉ်းစားနိုင်သည်။

(စ) ရပ်ရွာကကြည်ညိုလေးစားပြီးသိက္ခာသမာဓိရှိသူဖြစ်ခြင်း၊

(ဆ) ကျန်းမာရေးကောင်းမွန်ပြီးပေးအပ်သည့်တာဝန်ကိုထမ်းဆောင်နိုင်စွမ်းရှိသူဖြစ်ခြင်း၊

(ဇ) နိုင်ငံတော်နှင့်ရပ်ရွာဒေသ၏ အကျိုးကိုစေတနာထက်သန်စွာဖြင့် တာဝန်ထမ်းဆောင်ရန် ဆန္ဒရှိသူ ဖြစ်ခြင်း၊

(ဈ) အတူနေမိသားစုဝင်များသည်လည်း အကျင့်စာရိတ္တကောင်းမွန်ပြီး ရိုးသားဖြောင့်မတ်သူများဖြစ်ခြင်း၊

(ည) တာဝန်ထမ်းဆောင်ဆဲ အစိုးရဝန်ထမ်း မဟုတ်ခြင်း၊

(ဋ) လက်နက်ကိုင်အဖွဲ့အစည်းဝင် မဟုတ်ခြင်း၊ မတရားအသင်းအဖွဲ့များ၌ပါဝင်သူ၊ ဆက်သွယ်သူ မဟုတ်ခြင်း။

## အခန်း(၄)

## ရပ်ကွက်သို့မဟုတ်ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးခန့်အပ်တာဝန်ပေးခြင်း

၆။ မြို့နယ်အုပ်ချုပ်ရေးမှူးသည် ရပ်ကွက်သို့မဟုတ် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး ရွေးချယ်ရာတွင် ကြီးကြပ်နိုင်ရေးအတွက် ယင်းတာဝန်ကို ထမ်းဆောင်ရန်ဆန္ဒရှိသောရပ်ကွက် သို့မဟုတ်ကျေးရွာအုပ်စု အတွင်းရှိ အများကြည်ညို လေးစားပြီး ဩဇာတိက္ကမရှိသည့် ရပ်မိရပ်ဖငါးဦးကို ရွေးချယ်၍ကြီးကြပ်ရေးအဖွဲ့ အဖြစ် တာဝန်ပေးအပ်ရမည်။

၇။ ကြီးကြပ်ရေးအဖွဲ့သည် -

(က) ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအတွင်းရှိ အိမ်ခြေစာရင်းကို ရယူ၍သတ်မှတ်ထားသော နည်းလမ်းများ နှင့် အညီရပ်ကွက်သို့မဟုတ် ကျေးရွာအလိုက်ဆယ်အိမ်စု အစုအဖွဲ့များဖွဲ့စည်းရမည်။

(ခ) ဆယ်အိမ်စုအသီးသီး၌ နေထိုင်သောအိမ်ထောင်ဦးစီး သို့မဟုတ် အသက်၁၈နှစ်ပြည့်ပြီးသည့် အိမ်ထောင်စု ကိုယ်စားလှယ်တစ်ဦးစီအား စုစည်း၍ယင်းတို့ရွေးချယ်မည့်ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးအတွက် ပုဒ်မ၅တွင် သတ်မှတ်ထားသော အရည်အချင်းများကို ရှင်းလင်း ပြောကြားရမည်။

(ဂ) ဆယ်အိမ်စုတစ်စုတွင် ပါဝင်သောသက်ဆိုင်ရာ အိမ်ထောင်ဦးစီးများက မိမိတို့ဆယ်အိမ်စုတွင် နေထိုင်သူများ အနက်မှသတ်မှတ်အရည်အချင်းများ နှင့်ပြည့်စုံသည့် ပုဂ္ဂိုလ်တစ်ဦးအား လျှို့ဝှက်ဆန္ဒမဲပေး၍ ရွေးချယ်ခြင်းခံရသူ၏ အမည်စာရင်းနှင့်ကိုယ်ရေးအချက်အလက်တို့ကို တင်ပြစေရမည်။

(ဃ) ဆယ်အိမ်စုတစ်စုစီအလိုက် ရွေးချယ်ခြင်းခံရသည့်ပုဂ္ဂိုလ်အသီးသီးကို သတ်မှတ်အရည်အချင်းများ နှင့်ပြည့်စုံခြင်း ရှိမရှိ စိစစ်ရမည်။ သတ်မှတ်အရည်အချင်းများနှင့်ပြည့်စုံသူများကို ဆယ်အိမ်စု ကိုယ်စားလှယ်များအဖြစ် အမည်စာရင်း ပြုစုရမည်။

(င) ပုဒ်မခွဲ (ဃ)အရ ပြုစုသည့် အမည်စာရင်း ပါဆယ်အိမ်စုကိုယ်စားလှယ် တစ်ဦးချင်းကဖြစ်စေ၊ တစ်ဦးထက် ပိုသူများကဖြစ်စေ မိမိတို့အနက်မှရပ်ကွက်သို့မဟုတ် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး အဖြစ် ခန့်အပ်တာဝန်ပေးရန်အဆိုပြုလိုသော ပုဂ္ဂိုလ်၏အမည်ကိုတင်သွင်းစေပြီး ယင်းတို့၏ အမည်စာရင်းကို ပြုစုရမည်။

(စ) ပုဒ်မခွဲ(င)အရ ပြုစုသော အမည်စာရင်းပါပုဂ္ဂိုလ်များအနက်မှရပ်ကွက်သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး တစ်ဦးကို ဆယ်အိမ်စုကိုယ်စားလှယ်များအားလုံးက လျှို့ဝှက်ဆန္ဒမဲပေး၍ ရွေးချယ်စေရမည်။ရရှိသောမဲစာရင်းကိုရေတွက်၍ကြေညာရမည်။

(ဆ) ပုဒ်မခွဲ(စ)အရ ရွေးချယ်ရရှိသော ဦးစားပေးအစီအစဉ်ကိုပြုစုပြီး လျှို့ဝှက်ဆန္ဒမဲအများဆုံး ရရှိသော ပုဂ္ဂိုလ်၏ အမည်စာရင်းနှင့်ကိုယ်ရေးအချက်အလက်တို့ကို မြို့နယ်အုပ်ချုပ်ရေးမှူးထံ တင်ပြရမည်။

၈။ မြို့နယ်အုပ်ချုပ်ရေးမှူးသည် ကြီးကြပ်ရေးအဖွဲ့ကတင်ပြသော အမည်စာရင်းပါပုဂ္ဂိုလ်ကို စိစစ်ပြီး ပုဒ်မ၅ပါ အရည်အချင်းများနှင့်ပြည့်စုံပါက ခရိုင်အုပ်ချုပ်ရေးမှူး၏အတည်ပြုချက်ဖြင့် ရပ်ကွက်သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးအဖြစ်ခန့်အပ် တာဝန်ပေးရမည်။

၉။ ရပ်ကွက်သို့မဟုတ် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၏ သက်တမ်းသည် ပြည်သူ့လွှတ်တော်၏ သက်တမ်းနှင့် အညီဖြစ်သည်။ ယင်း၏သက်တမ်းသည်သုံးကြိမ်ထက်မပိုစေရ။

၁၀။ ရပ်ကွက်သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးသည် နိုင်ငံရေးပါတီတစ်ခုခု၏အဖွဲ့ဝင်ဖြစ်လျှင် ရပ်ကွက်သို့မဟုတ် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးအဖြစ် ခန့်အပ်တာဝန်ပေးခြင်းခံရသည့် နေ့မှစ၍ မိမိတာဝန်ထမ်းဆောင်စဉ် သက်တမ်းအတွင်း ယင်းပါတီအဖွဲ့အစည်း၏ ပါတီလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်ခြင်း မပြုရ။

## အခန်း(၅)

## လိုက်နာစောင့်ထိန်းရမည့်ကျင့်ဝတ်များ

၁၁။ ရပ်ကွက်သို့မဟုတ် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးသည် လုပ်ငန်းတာဝန်များကိုဆောင်ရွက်ရာတွင် အောက်ပါကျင့်ဝတ်များနှင့်အညီကျင့်သုံးဆောင်ရွက်ရမည်-

(က) လုပ်ငန်းတာဝန်များကိုဥပဒေ၊ နည်းဥပဒေများ၊ စည်းမျဉ်းစည်းကမ်း၊ လုပ်ထုံးလုပ်နည်း၊ အမိန့်ညွှန်ကြားချက် များနှင့်အညီ ဆောင်ရွက်ခြင်း၊

(ခ) လုပ်ပိုင်ခွင့်ကို အလွဲသုံးစားပြုခြင်း၊ အရှိန်အဝါကိုအသုံးပြုခြင်း၊မသမာမှုပြုခြင်းနှင့် မလျော်သြဇာသုံးခြင်းတို့မှ ရှောင်ကြဉ်ခြင်း၊

(ဂ) ဥပဒေနှင့်အညီပေးအပ်သည့်လုပ်ငန်းတာဝန်များကိုကျေပွန်စွာထမ်းဆောင်ခြင်း။

## အခန်း(၆)

## လုပ်ငန်းအခြေခံမူများ

၁၂။ ရပ်ကွက် သို့မဟုတ်ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးသည် လုပ်ငန်းတာဝန်များ ဆောင်ရွက်ရာတွင် အောက်ပါ အခြေခံမူများနှင့်အညီဆောင်ရွက်ရမည်-

(က) ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ ခိုင်မြဲရေး တို့ကို လိုက်နာစောင့်ထိန်းခြင်း၊

(ခ) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပါနိုင်ငံသားများ၏ မူလအခွင့်အရေးများကို ကာကွယ်စောင့်ရှောက်ခြင်း၊

(ဂ) ရပ်ကွက်သို့မဟုတ် ကျေးရွာအုပ်စုနေပြည်သူများ အေးချမ်းတည်ငြိမ်စွာ လုပ်ကိုင်နေထိုင်နိုင်စေခြင်း၊

(ဃ) ရပ်ရွာဒေသဓလေ့ထုံးတမ်းစဉ်လာနှင့်လူမျိုးနွယ်စုများ၏ဓလေ့ထုံးတမ်းများကိုအလေးထားခြင်း၊

(င) အများပြည်သူအကျိုးနှင့် ဒေသခံပြည်သူများ၏ အကျိုးကိုလတ်တလော ထိခိုက်စေသည့် ဘေးအန္တရာယ်များ ကျရောက်သဖြင့် အရေးပေါ်အခြေအနေပေါ်ပေါက်သည့်အခါ ဒေသခံပြည်သူ များနှင့် ပူးပေါင်းဆောင်ရွက်သည့် လုပ်ငန်းတိုင်းသည်ယင်းတို့အတွက် အရေးကြီးပြီး တိုက်ရိုက်အကျိုးပြုသည့် လုပ်ငန်းဖြစ်စေရမည့်အပြင် ဒေသခံပြည်သူများအပေါ်ကြီးလေးသော ဝန်ထုပ်ဝန်ပိုး မဖြစ်စေရန် အလေးထား ဆောင်ရွက်ခြင်း၊

(စ) မိမိ၏လုပ်ငန်းဆောင်ရွက်ချက်များနှင့်စပ်လျဉ်း၍တာဝန်ယူမှုနှင့်တာဝန်ခံမှုရှိခြင်း၊

(ဆ) ဤဥပဒေပါ လုပ်ငန်းတာဝန်များနှင့်စပ်လျဉ်း၍သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများ၏အကြံဉာဏ်ရယူခြင်းနှင့် ပူးပေါင်းဆောင်ရွက်ခြင်း။

## အခန်း(၇)

## ရပ်ကွက်သို့မဟုတ်ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၏လုပ်ငန်းတာဝန်များ

၁၃။ ရပ်ကွက်သို့မဟုတ်ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးသည်အောက်ပါလုပ်ငန်းတာဝန်များကိုဥပဒေ၊လုပ်ထုံးလုပ်နည်းများနှင့်အညီဆောင်ရွက်ရမည်-

(က) လုံခြုံရေး၊တရားဥပဒေစိုးမိုးရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့်ပြည်သူ့အကျိုးပြု ဆောင်ရွက်ရေး၊

(ခ) ရပ်ကွက် သို့မဟုတ်ကျေးရွာ အုပ်စုအတွင်းနေထိုင်သူများ၏ စည်းကမ်းထိန်းသိမ်းရေးဆိုင်ရာ လုပ်ငန်းတာဝန်များဆောင်ရွက်ခြင်း၊

(ဂ) ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအတွင်း နေထိုင်သူများ၏ အခွင့်အရေးကို ကာကွယ်စောင့်ရှောက်ခြင်း၊

(ဃ) ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှုလျှော့ချရေးဆိုင်ရာ လုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင်ပံ့ပိုးကူညီခြင်း၊

(င) မှုခင်းများနှင့်ဒုစရိုက်မှုများ ဖော်ထုတ်ခြင်း၊သတင်းပေးတိုင်ကြားခြင်း၊ ဖမ်းဆီးအရေးယူခြင်းများနှင့် စပ်လျဉ်း၍ သက်ဆိုင်ရာအစိုးရဌာနအဖွဲ့အစည်းများအားသတင်းပို့ခြင်းနှင့်ကူညီခြင်း၊

(စ) ပြည်ထောင်စုအစိုးရ၊သက်ဆိုင်ရာ တိုင်းဒေသကြီးသို့မဟုတ်ပြည်နယ်အစိုးရ၊ နေပြည်တော်ကောင်စီနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့တို့ကဖြစ်စေ၊ ယင်းတို့၏ တာဝန်ပေးချက်အရအစိုးရဌာန၊ အဖွဲ့အစည်းကဖြစ်စေဦးစီးကျင်းပသည့် အခမ်းအနားများနှင့်ပွဲများ မှအပ အခမ်းအနားများ၊ အများပြည်သူသို့ ဖျော်ဖြေသည့်ပွဲများ၊ ပြပွဲများ၊ ပြိုင်ပွဲများ၊ ရိုးရာဓလေ့အရပွဲများ ကျင်းပခွင့်အမိန့်တောင်းခံခြင်းနှင့် စပ်လျဉ်း၍ သက်ဆိုင်ရာမြို့နယ်အုပ်ချုပ်ရေးမှူးထံ သဘောထားမှတ်ချက်တင်ပြခြင်း၊ ကျင်းပခွင့်မရှိဘဲဖြစ်စေ၊ သတ်မှတ်ထားသောစည်းကမ်းချက်ကို မလိုက်နာဘဲဖြစ်စေအခမ်းအနား ကိစ္စများအပါအဝင်ပွဲကျင်းပပါက အရေးယူရန်တင်ပြခြင်း၊

(ဆ) အခြားရပ်ကွက်သို့မဟုတ် ကျေးရွာအုပ်စုမှ ညဥ့်အိပ်ညဥ့်နေလာရောက် တည်းခိုသော ဧည့်သည်များအတွက် ဧည့်စာရင်းတိုင်ကြားခြင်းကို လက်ခံခြင်း၊ခွင့်ပြုခြင်း၊ ဧည့်စာရင်း စစ်ဆေးခြင်း၊ ဧည့်စာရင်းတိုင်ကြားရန်ပျက်ကွက်လျှင်အရေးယူခြင်း၊

(ဇ) ရပ်ကွက်သို့မဟုတ် ကျေးရွာအတွင်း နေထိုင်သူမဟုတ်သော မသင်္ကာဖွယ် သူစိမ်းတွေ့ရှိပါက သက်ဆိုင်ရာ သို့ သတင်းပို့ခြင်းနှင့်ထူးခြားဖြစ်စဉ်များကိုအချိန်နှင့်တစ်ပြေးညီအစီရင်ခံခြင်း၊

(ဈ) အသံချဲ့စက် ဖွင့်ခွင့်တောင်းခံခြင်းကို စည်းကမ်းချက်သတ်မှတ်၍ခွင့်ပြုခြင်း၊ ခွင့်ပြုချက်မရှိဘဲ အသံချဲ့စက်ဖွင့်သူ သို့မဟုတ် စည်းကမ်းဖောက်ဖျက်သူအား အရေးယူခြင်း၊ အရေးယူရန် အကြောင်းကြားခြင်း၊

(ည) ဘိလိယက်ခုံနှင့်ဘိလိယက်ခုံ ကဲ့သို့သော အများပြည်သူနှင့်သက်ဆိုင်သည့် ဖျော်ဖြေမှု၊ အပန်းဖြေ အနားယူမှု လုပ်ငန်းများတည်ထောင်ခွင့် တောင်းခံလာပါက သဘောထားမှတ်ချက်ဖြင့် သက်ဆိုင်ရာသို့ တင်ပြခြင်း၊ ခွင့်ပြုချက်မရှိဘဲဖွင့်လှစ်လျှင်ဖြစ်စေ၊ စည်းကမ်းချက် မလိုက်နာလျှင် ဖြစ်စေ အရေးယူခြင်း၊ အရေးယူရန် အကြောင်းကြားခြင်း၊

(ဋ) အများပြည်သူဆိုင်ရာ နေရာတွင်လောင်းကစားခြင်းကို ဖမ်းဆီးခြင်း၊ အရေးယူနိုင်ရန် အကြောင်းကြားခြင်း၊

(ဌ) လောင်းကစားအိမ်သို့ ဝင်ရောက်ရှာဖွေခြင်း သို့မဟုတ် ရှာဖွေရန် ဝရမ်းထုတ်ပေးခြင်း၊

(ဍ) လက်ပူးလက်ကြပ် ဖမ်းဆီးရမိခြင်း မရှိသော သတင်းကျော်စောသည့် လူဆိုး၊ သူခိုးများအား ဖမ်းဆီးခြင်း၊ အရေးယူရန် အကြောင်းကြားခြင်း၊

(ဎ) တရားဥပဒေစိုးမိုးရေးနှင့် စည်းကမ်းထိန်းသိမ်းရေးအတွက် စစ်ဆေးရန်လိုအပ်သော နေရာများကို အခါ အားလျော်စွာ စစ်ဆေးခြင်း၊

(ဏ) လမ်းများ၊ အများပြည်သူဆိုင်ရာနေရာများတွင် အများပြည်သူအား အနှောင့်အယှက်ဖြစ်စေရန်၊ အန္တရာယ် ဖြစ်စေရန်၊ ထိခိုက်နစ်နာစေရန်ပြုလုပ်မှုအတွက် လည်းကောင်း၊ ခိုက်ရန်ဖြစ်ပွားမှုကို လည်းကောင်း၊ ခွင့်ပြုချက်မရှိသော လက်နက်ခဲယမ်းများ ကိုင်ဆောင်မှုကိုလည်းကောင်း တားမြစ်ခြင်း၊ ယင်းသို့တားမြစ်သည်ကို လိုက်နာခြင်းမရှိပါကဖမ်းဆီးခြင်း၊ ဖမ်းဆီးရန် အကြောင်းကြားခြင်း၊

(တ) နိုင်ငံခြားသားဝင်ထွက်သွားလာမှုကိုသက်ဆိုင်ရာသို့သတင်းပေးပို့ခြင်း၊

(ထ) မိမိရှေ့တွင် ဖြစ်ပွားသော ပြစ်မှုနှင့်စပ်လျဉ်း၍ ပြစ်မှုကျူးလွန်သူအား ကိုယ်တိုင်ဖမ်းဆီးခြင်း သို့မဟုတ် ဖမ်းဆီးစေခြင်း၊ ယင်းသို့ဖမ်းဆီးခံရသူကိုအရေးယူရန် သက်ဆိုင်ရာသို့ အကြောင်းကြားခြင်း၊

(ဒ) ကူးစက်ရောဂါ ကြိုတင်ကာကွယ်ရေး၊ မီးဘေးကာကွယ်ရေးနှင့်မီးငြိမ်းသတ်ရေး၊ အများပြည်သူတို့အား နှောင့်ယှက်မှုမှတားဆီးရေးတို့ကိုညွှန်ကြားချက်နှင့်အညီဆောင်ရွက်ခြင်း၊

(ဓ) ဖွားသေမှတ်ပုံတင်စာရင်းနှင့် အိမ်ထောင်စုပြောင်းရွှေ့ထွက်ခွာခြင်း၊ ပြောင်းရွှေ့ရောက်ရှိခြင်းနှင့် လူဦးရေ စာရင်းများပြုစုခြင်း၊

(န) လူနှင့်တိရစ္ဆာန်များတွင် ကူးစက်ရောဂါဖြစ်ပွားပါက သက်ဆိုင်ရာသို့ သတင်းပို့ခြင်း၊ တိရစ္ဆာန်များ စနစ်တကျမွေးမြူရန် စည်းကမ်းသတ်မှတ်ခြင်း၊ သတ်ဖြတ်ခွင့်မရှိဘဲဖြစ်စေ၊ စည်းကမ်းနှင့်မညီဘဲ ဖြစ်စေ ကျွဲနွားသတ်ဖြတ်ခြင်းကို တားမြစ်ခြင်း၊ မလိုက်နာပါကသက်ဆိုင်ရာသို့ အရေးယူရန် အကြောင်းကြားခြင်း၊

(ပ) နိုင်ငံပိုင်မြေ၊ မြို့မြေ၊ ကျေးရွာမြေ၊ လယ်ယာမြေ၊ မြေနုကျွန်း၊ လမ်းမြေ၊ သစ်တောမြေ၊ ကျေးရွာပိုင် ထင်းစိုက်ခင်းမြေ၊ စားကျက်မြေ၊ကျေးရွာဘုံမြေ၊ သုသာန်မြေများတွင်ခွင့်ပြုချက်မရှိဘဲ ကျူးကျော်ခြင်း၊ အိမ်စုအသစ် ဆောက်လုပ်ခြင်း၊ ရပ်ကွက်ကျေးရွာ အသစ်ဖွဲ့စည်းခြင်း၊ နေအိမ်အဆောက်အအုံ ဆောက်လုပ်ခြင်း တို့ကိုတားမြစ်ခြင်း၊ မလိုက်နာပါက အရေးယူရန်အကြောင်းကြားခြင်း၊

(ဖ) ရပ်ကွက်သို့မဟုတ်ကျေးရွာအတွင်းရှိ ဆည်မြောင်း၊တာတမံများ၊မြစ်၊ချောင်းများ၊ တူးမြောင်းများ၊ လယ်ကြားမြောင်းများ၊ ရေဆိုးထုတ်မြောင်းများ၊ ရေတွင်းရေကန်များ၊စက်ရေတွင်းများ၊ လက်ရိုက်တွင်းတိမ်များ၊ စိမ့်စမ်းရေထွက်များကိုထိန်းသိမ်းခြင်း၊ ကျူးကျော်ဖျက်ဆီးမှုများကို သက်ဆိုင်ရာသို့ အရေးယူရန်အကြောင်းကြားခြင်း၊

(ဗ) ရပ်ကွက် သို့မဟုတ် ကျေးရွာအတွင်းရှိ မြေတိုင်းမှတ်တိုင်များနှင့် ဆက်စပ်သည့်နယ်နိမိတ်မှတ်တိုင် သို့မဟုတ် ကျောက်တိုင်များ စစ်ဆေးကြည့်ရှုခြင်း၊ နယ်နိမိတ်တစ်လျှောက်တွင် ဖြစ်ပေါ်သည့် ထူးခြားမှု အခြေအနေများကို မြို့နယ်အုပ်ချုပ်ရေးမှူးထံ တင်ပြခြင်း၊

(ဘ) တည်ဆဲဥပဒေ တစ်ရပ်ရပ်က အပ်နှင်းထားသော လုပ်ပိုင်ခွင့်အရ လယ်ယာမြေ စီမံခန့်ခွဲခြင်း၊

(မ) ရွာမြေများအတွက်နှင့် ရွာမြေများအတွင်း မြေနေရာများကို ချထားပေးမည်ဆိုပါက မြို့နှင့်ကျေးရွာမြေများ ဥပဒေနှင့်အညီ သက်ဆိုင်ရာသို့ တင်ပြဆောင်ရွက်ခြင်း၊

(ယ) မြေခွန်နှင့်အစိုးရချေးငွေများကောက်ခံပေးခြင်း၊

(ရ) အင်းအိုင်များ၊ ငါးမွေးကန်များထိန်းသိမ်းခြင်း၊ အင်းအိုင်များတွင်ခွင့်ပြုချက်မရှိဘဲ ကျူးကျော်သူများ၊ ငါးပုစွန်ဖမ်းသူများကို တားမြစ်ခြင်း၊ မလိုက်နာပါကသက်ဆိုင်ရာသို့ အရေးယူရန် အကြောင်းကြားခြင်း၊

(လ) မီးဘေး၊ ရေဘေး၊ လေဘေး၊ ငလျင်ဘေးစသည့် သဘာဝဘေးအန္တရာယ်များ ကြိုတင်ကာကွယ်ရေးနှင့် သဘာဝဘေးအန္တရာယ် ကျရောက်ပါက ကယ်ဆယ်ရေး၊ ပြန်လည်နေရာချထားရေး လုပ်ငန်းများ ဆောင်ရွက်ခြင်း၊

(ဝ) အများပြည်သူအကျိုးနှင့် ဒေသခံပြည်သူများ၏ အကျိုးကိုလတ်တလော ထိခိုက်စေသည့် ဘေးအန္တရာယ်များ ကျရောက်သဖြင့် အရေးပေါ်အခြေအနေ ပေါ်ပေါက်သည့် အခါဒေသခံပြည်သူတို့အတွက် အရေးကြီးပြီး တိုက်ရိုက်အကျိုးပြုသည့် လုပ်ငန်းကိုမြို့နယ်အုပ်ချုပ်ရေးမှူးထံ ခွင့်ပြုချက်ရယူပြီး ဆောင်ရွက်ခြင်း၊

(သ) ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအဆင့်ဌာနဆိုင်ရာ အဖွဲ့အစည်းများ၏ လုပ်ငန်းတာဝန်များကို ပေါင်းစပ်ညှိနှိုင်းခြင်းနှင့် ပံ့ပိုးကူညီခြင်း၊

(ဟ) သက်ဆိုင်ရာ မြို့နယ်အုပ်ချုပ်ရေးမှူးက ဥပဒေနှင့်အညီ ပေးအပ်သော လုပ်ငန်းတာဝန်များ ဆောင်ရွက်ခြင်း၊

(ဠ) တည်ဆဲဥပဒေတစ်ရပ်ရပ်ကပေးအပ်သောလုပ်ငန်းတာဝန်များကိုဆောင်ရွက်ခြင်း။

**အခန်း(၈)**

**နုတ်ထွက်ခွင့်ပြုခြင်း၊တာဝန်မှယာယီရပ်ဆိုင်းခြင်းသို့မဟုတ်ရပ်စဲခြင်းနှင့်အစားထိုးခန့်အပ်ခြင်း**

၁၄။ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးသည် ကျန်းမာရေးကြောင့်သော်လည်းကောင်း၊ မိမိ၏ဆန္ဒအလျောက်သော်လည်းကောင်း တာဝန်မှနုတ်ထွက်ခွင့်ပြုရန် မြို့နယ်အုပ်ချုပ်ရေးမှူးထံ တင်ပြနိုင်ခွင့်ရှိသည်။

၁၅။ မြို့နယ်အုပ်ချုပ်ရေးမှူးသည် ရပ်ကွက်သို့မဟုတ်ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးတစ်ဦးဦးနှင့် ပတ်သက်၍ အောက်ပါအကြောင်းတစ်ရပ်ရပ် ပေါ်ပေါက်လျှင် လိုအပ်ပါက စုံစမ်းစစ်ဆေးမှုပြုပြီး ခရိုင်အုပ်ချုပ်ရေးမှူး၏ အတည်ပြုချက်ဖြင့် နုတ်ထွက်ခွင့်ပြုခြင်း၊ တာဝန်မှယာယီရပ်ဆိုင်းခြင်း သို့မဟုတ် ရပ်စဲခြင်းပြုနိုင်သည်-

(က) တာဝန်မှနုတ်ထွက်ခွင့်ပြုရန်တင်ပြချက်ကိုလက်ခံရရှိခြင်း၊

(ခ) အခန်း(၅)ပါလိုက်နာစောင့်ထိန်းရမည့်ကျင့်ဝတ်တစ်ရပ်ရပ်ကိုဖောက်ဖျက်ခြင်း၊

(ဂ) တည်ဆဲဥပဒေတစ်ရပ်ရပ်အရအရေးယူခံရခြင်း၊

(ဃ) အခြားအရပ်ဒေသတစ်ခုခုသို့အမြဲတမ်းပြောင်းရွှေ့ခြင်း၊

(င) ကွယ်လွန်ခြင်း၊

(စ) ဤဥပဒေအခန်း(၃)တွင် ပြဋ္ဌာန်းထားသောရပ်ကွက် သို့မဟုတ်ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး၏ အရည်အချင်း ပျက်ယွင်းခြင်း။

၁၆။ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး တစ်ဦးဦးအားနုတ်ထွက်ခွင့်ပြုခြင်း၊ တာဝန်မှယာယီ ရပ်ဆိုင်းခြင်း သို့မဟုတ် ရပ်စဲခြင်းနှင့်စပ်လျဉ်း၍-

(က) နုတ်ထွက်ခွင့်ပြုခြင်း သို့မဟုတ် တာဝန်မှရပ်စဲခြင်းကြောင့် လစ်လပ်သည့် ရပ်ကွက်သို့မဟုတ် ကျေးရွာ အုပ်စုအုပ်ချုပ်ရေးမှူးနေရာအတွက် ပုဒ်မ၅၊၆နှင့်၇တို့ပါပြဋ္ဌာန်းချက်နှင့် အညီဆောင်ရွက်၍ ရက်ပေါင်း ၃၀ အတွင်းအစားထိုးခန့်အပ်တာဝန်ပေးရမည်။

(ခ) အစားထိုးတာဝန်ပေးအပ်ခြင်းခံရသော ရပ်ကွက်သို့မဟုတ် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၏ သက်တမ်း ကာလသည် နုတ်ထွက်ခွင့်ပြုခြင်း သို့မဟုတ်တာဝန်မှရပ်စဲခြင်းခံရသူ၏ ကျန်သက်တမ်း ကာလ အတွက်သာ ဖြစ်ရမည်။

(ဂ) တာဝန်မှ ယာယီရပ်ဆိုင်းခြင်းခံရသည့် ကာလတွင်ဖြစ်စေ၊ နုတ်ထွက်ခြင်းသို့မဟုတ် တာဝန်မှ ရပ်စဲခြင်းကြောင့် လစ်လပ်နေသည့် ကာလတွင်ဖြစ်စေသက်ဆိုင်ရာ ရပ်ကွက် သို့မဟုတ် ကျေးရွာ အုပ်စု အုပ်ချုပ်ရေးမှူး၏တာဝန်ကို ထမ်းဆောင်ရန် မြို့နယ်အုပ်ချုပ်ရေးမှူးသည် ယင်းရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အတွင်းရှိပုဒ်မ၇၊ပုဒ်မခွဲ(ဆ)အရ ဒုတိယဦးစားပေးအဆင့် ရရှိသူအား ယာယီ တာဝန်ပေးအပ်ရမည်။

## အခန်း(၉)

## ရပ်ကွက်သို့မဟုတ်ကျေးရွာအုပ်စုအတွင်းနေထိုင်သူ၏တာဝန်ဝတ္တရားများ

၁၇။ ရပ်ကွက်သို့မဟုတ် ကျေးရွာအုပ်စုအတွင်းနေထိုင်သူသည် အောက်ပါကိစ္စတစ်ရပ်ရပ် ပေါ်ပေါက်ပါက သက်ဆိုင်ရာ ရပ်ကွက်သို့မဟုတ်ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးထံ သတ်မှတ်ချက်များနှင့်အညီ တိုင်ကြား ရမည်-

(က) အခြားရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုတစ်ခုခုတွင် နေထိုင်ပြီး မိမိအိမ်ထောင်စု စာရင်းဝင် မဟုတ်သူက ညဥ့်အိပ်ညဥ့်နေဧည့်သည်အဖြစ်လာရောက်တည်းခိုခြင်း၊

(ခ) မိမိထံလာရောက်တည်းခိုသောဧည့်သည်ပြန်လည်ထွက်ခွာသွားခြင်း။

၁၈။ ရပ်ကွက်သို့မဟုတ် ကျေးရွာအုပ်စုအတွင်းနေထိုင်သူသည် အသံချဲ့စက်ဖွင့်လိုပါက သက်ဆိုင်ရာရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးထံမှ ခွင့်ပြုမိန့်ရယူရမည့်အပြင် သတ်မှတ်ထားသည့် စည်းကမ်းချက် များကို လိုက်နာရမည်။

၁၉။ ရပ်ကွက်သို့မဟုတ်ကျေးရွာအုပ်စုအတွင်းနေထိုင်သူများသည်-

(က) မှုခင်းများ၊ဒုစရိုက်မှုများနှင့်စပ်လျဉ်း၍သက်ဆိုင်ရာသို့သတင်းပေးပို့ရမည်။

(ခ) တိရစ္ဆာန်များစနစ်တကျမွေးမြူရန်သတ်မှတ်သည့်ညွှန်ကြားချက်ကိုလိုက်နာရမည်။

(ဂ) မွေးဖွားခြင်း၊သေဆုံးခြင်းနှင့်အိမ်ထောင်စု ပြောင်းရွှေ့ထွက်ခွာခြင်း၊ ပြောင်းရွှေ့ရောက်ရှိခြင်းတို့ကို သတင်းပေးပို့ရမည်။

၂၀။ ရပ်ကွက်သို့မဟုတ် ကျေးရွာအုပ်စုအတွင်းနေထိုင်သူသည် ဘီလီယက်ခုံနှင့် ဘီလီယက်ခုံကဲ့သို့သော အများပြည်သူနှင့် သက်ဆိုင်သည့်ဖျော်ဖြေမှု၊ အပန်းဖြေအနားယူမှုလုပ်ငန်းများ တည်ထောင်လိုပါက သက်ဆိုင်ရာ တာဝန်ရှိသူထံမှခွင့်ပြုချက်ရယူရမည့်အပြင်သတ်မှတ်ထားသည့်စည်းကမ်းချက်များကိုလိုက်နာရမည်။

၂၁။ ရပ်ကွက်သို့မဟုတ် ကျေးရွာအုပ်စုအတွင်း နေထိုင်သူသည်အခမ်းအနားများ၊ အများပြည်သူ ဖျော်ဖြေသည့်ပွဲများ၊ ပြပွဲများ၊ ပြိုင်ပွဲများ၊ ရိုးရာဓလေ့အရ ပြုလုပ်သည့်ပွဲများကို ကျင်းပလိုပါကသက်ဆိုင်ရာ တာဝန်ရှိသူထံမှ ခွင့်ပြုမိန့်ရယူရမည့် အပြင် သတ်မှတ်ပေးထားသည့်စည်းကမ်းချက်များကိုလိုက်နာရမည်။

၂၂။ ရပ်ကွက်သို့မဟုတ် ကျေးရွာအုပ်စုအတွင်း နေထိုင်သူသည်ဒေသခံပြည်သူများ၏အကျိုးစီးပွားကို တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေထိခိုက်နစ်နာစေရန် ပြုလုပ်ခြင်းကို ရှောင်ကြဉ်ရမည်။

၂၃။ ဘေးအန္တရာယ်တစ်စုံတစ်ရာ ကျရောက်ပြီးအရေးပေါ်အခြေအနေပေါ်ပေါက်သည့်အခါ ရပ်ကွက်သို့မဟုတ် ကျေးရွာအုပ်စုအတွင်း နေထိုင်သူသည်အများပြည်သူအကျိုးငှာ တိုက်ရိုက်အကျိုးပြုသည့် လုပ်ငန်းများကို ကူညီဆောင်ရွက်ရမည်။

## အခန်း(၁၀)

## ရပ်ကွက်သို့မဟုတ်ကျေးရွာအုပ်စုအတွင်းနေထိုင်သူများ၏အခွင့်အရေးများ

၂၄။ ရပ်ကွက်သို့မဟုတ် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးသည် သက်ဆိုင်ရာ ရပ်ကွက်သို့မဟုတ် ကျေးရွာအုပ်စုအတွင်း နေထိုင်သူများ၏ အောက်ပါအခွင့်အရေးများကိုစောင့်ရှောက်ပေးရမည်-

(က) နေအိမ်ဥပစာလုံခြုံမှုနှင့်ပစ္စည်းလုံခြုံမှုအခွင့်အရေး၊

(ခ) ဘာသာသာသနာဆိုင်ရာကိစ္စရပ်များဆောင်ရွက်ခွင့်၊

(ဂ) စာပေ၊ယဉ်ကျေးမှု၊အနုပညာနှင့်ဓလေ့ထုံးတမ်းများပြုစုပျိုးထောင်ခွင့်၊

(ဃ) ပညာသင်ကြားရေးဆိုင်ရာအခွင့်အရေး၊

(င) ကျန်းမာရေးဆိုင်ရာအခွင့်အရေး၊

(စ) လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာအခွင့်အရေး။

## အခန်း(၁၁)

## ပြစ်မှုနှင့်ပြစ်ဒဏ်များ

၂၅။ မည်သူမဆိုပုဒ်မ ၂၀ပါ တာဝန်ကို ဆောင်ရွက်ရန်ပျက်ကွက်လျှင် ထိုသူကိုတစ်လထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ်သုံးသောင်းထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးကိုဖြစ်စေ သက်ဆိုင်ရာ တရားရုံးက ချမှတ်ရမည်။

၂၆။ မည်သူမဆိုပုဒ်မ ၂၁ပါတာဝန်ကို ဆောင်ရွက်ရန်ပျက်ကွက်လျှင် ထိုသူကိုခြောက်လထက် မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ်ငါးသောင်းထက်မပိုသောငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးကိုဖြစ်စေ သက်ဆိုင်ရာတရားရုံးက ချမှတ် ရမည်။

၂၇။ မည်သူမဆို ပုဒ်မ၁၇၊၁၈နှင့်၁၉ပါ တာဝန်ကို ဆောင်ရွက်ရန်ပျက်ကွက်လျှင် ထိုသူကိုကျပ်ငါးထောင်ထက် မပိုသောငွေ ဒဏ်ချမှတ်ရမည်။ ငွေဒဏ်ပေးဆောင်ရန်ပျက်ကွက်ပါက ခုနစ်ရက်ထက်မပိုသောထောင်ဒဏ် ကျခံစေရန် သက်ဆိုင်ရာတရားရုံးကချမှတ်ရမည်။

## အခန်း(၁၂)

## ချီးမြှင့်ထောက်ပံ့ငွေ

၂၈။ ပြည်ထောင်စုအစိုးရ အဖွဲ့ပြည်ထဲရေးဝန်ကြီးဌာနသည် ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးအတွက် အောက်ပါချီးမြှင့်ထောက်ပံ့ငွေများကို သတ်မှတ် ပေးရမည်-

(က) လစဉ်ချီးမြှင့်ထောက်ပံ့ငွေ၊

(ခ) သက်တမ်းကာလအပြည့်တာဝန်ကိုကျေပွန်စွာထမ်းဆောင်ပါကတစ်လုံးတစ်ခဲတည်းချီးမြှင့်ငွေ။

## အခန်း(၁၃)

## ရုံးအသုံးစရိတ်များ

၂၉။ ရပ်ကွက်သို့မဟုတ် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံးများ အတွက်ရုံးအသုံးစရိတ်များ သုံးစွဲနိုင်ရန် နှစ်စဉ် ရသုံးမှန်းခြေ ငွေစာရင်း၌မြို့နယ် အလိုက်သင့်လျော်သည့်ရန်ပုံငွေပမာဏကိုခွဲဝေသတ်မှတ်လျာထားရမည်။

၃၀။ ပုဒ်မ၂၉တွင်ခွဲဝေ သတ်မှတ်ထားသော ရန်ပုံငွေကို ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးက ညွှန်ကြားချက်များနှင့် အညီမြို့နယ်အုပ်ချုပ်ရေးမှူးထံသို့တင်ပြတောင်းခံပြီးစနစ်တကျသုံးစွဲရမည်။

## အခန်း(၁၄)

## ရပ်ကွက်သို့မဟုတ်ကျေးရွာအုပ်စုစာရေး

၃၁။ ရပ်ကွက်သို့မဟုတ် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၏ လုပ်ငန်းတာဝန်များကို ဆောင်ရွက်ရန်အဓိက အထောက်အကူပြု ရုံးဝန်ထမ်းမှာ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ ရပ်ကွက်သို့မဟုတ် ကျေးရွာအုပ်စု စာရေး ဖြစ်သည်။

၃၂။ အဆိုပါရုံးဝန်ထမ်း၏လုပ်ငန်းတာဝန်များမှာအောက်ပါအတိုင်းဖြစ်သည်-

(က) ရပ်ကွက်သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး၏ ညွှန်ကြားချက်အရ အစည်းအဝေး ဖိတ်ခေါ်ခြင်း၊ သတ်မှတ်သည့်နေ့ရက်၊ အချိန်၊ အစီအစဉ်အတိုင်းကျင်းပခြင်း၊

(ခ) အစည်းအဝေးများတွင် အခမ်းအနားမှူးအဖြစ် ဆောင်ရွက်ခြင်း၊

(ဂ) အစည်းအဝေး မှတ်တမ်းများပြုစုခြင်း၊ မှတ်တမ်းကိုရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး ၏ အတည်ပြုချက်ဖြင့်ဖြန့်ဝေခြင်း၊

(ဃ) အစည်းအဝေးဆုံးဖြတ်ချက်ပါလုပ်ငန်းများကို ရပ်ကွက်သို့မဟုတ်ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၏ ညွှန်ကြားချက်အတိုင်းအကောင်အထည်ဖော်ဆောင်ရွက်ခြင်း၊

(င) ရပ်ကွက်သို့မဟုတ် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၏ ညွှန်ကြားချက်အရရပ်ကွက် သို့မဟုတ် ကျေးရွာ အုပ်စုအတွင်း ထားရှိရမည့်စာရင်းဇယားများ၊ ပုံစံများကောက်ယူခြင်း၊ ပြုစုထားရှိခြင်း၊

(စ) အခန်း (၁၂) ပါ ချီးမြှင့်ထောက်ပံ့ငွေဆိုင်ရာ ငွေကြေးကိစ္စများ၊ အခန်း(၁၃)ပါ ရုံးအသုံးစရိတ်များနှင့် စပ်လျဉ်း၍ ငွေစာရင်းများရေးဆွဲခြင်း၊ ထိန်းသိမ်းခြင်း၊ ရငွေသုံးငွေ အသုံးစရိတ် ပြန်တမ်းများ တင်ပြခြင်းတို့ကို ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၏ အတည်ပြု ချက်ဖြင့် မြို့နယ်အုပ်ချုပ်ရေးမှူးထံ တင်ပြခြင်း၊

(ဆ) ရပ်ကွက်သို့မဟုတ်ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးမှပေးအပ်သောတာဝန်များကိုဆောင်ရွက်ခြင်း။

**အခန်း(၁၅)**

**အထွေထွေ**

၃၃။ ရပ်ကွက်သို့မဟုတ် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးသည် ဧည့်စာရင်းတိုင်ကြားခြင်း ကိစ္စနှင့်စပ်လျဉ်း၍ ငွေကြေးတစ်စုံတစ်ရာကောက်ခံခြင်းမပြုရ။

၃၄။ သက်ဆိုင်ရာ ရဲတပ်ဖွဲ့စခန်းသည် ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများ၏ လုပ်ငန်းတာဝန်များ ဆောင်ရွက်ရာတွင်ထိရောက်စေရေးအတွက်အောက်ပါအတိုင်းပံ့ပိုးဆောင်ရွက်ပေးရမည် -

(က) လုံခြုံရေး၊တရားဥပဒေစိုးမိုးရေး၊ရပ်ရွာအေးချမ်းသာယာရေးနှင့်ပြည်သူ့အကျိုးပြုဆောင်ရွက်ခြင်း၊

(ခ) ရပ်ကွက်သို့မဟုတ်ကျေးရွာအုပ်စုအတွင်းနေထိုင်သူများအားစည်းကမ်းထိန်းသိမ်းခြင်း၊

(ဂ) မှုခင်းများနှင့်ဒုစရိုက်မှုများဖော်ထုတ်ခြင်း၊ဖမ်းဆီးခြင်း၊အရေးယူခြင်း၊သတင်းပေးပို့ခြင်း၊

(ဃ) ရပ်ကွက်သို့မဟုတ်ကျေးရွာအုပ်စုလုံခြုံရေးနှင့်ကာကွယ်ရေးအစီအမံများအရဆောင်ရွက်ခြင်း။

၃၅။ ရပ်ကွက်သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးသည် မိမိ၏လုပ်ငန်းတာဝန်များကို ထိရောက်စွာ ဆောင်ရွက်နိုင်ရန် လိုအပ်သော အထောက်အကူရရှိနိုင်ရေးအတွက် မြို့နယ်အုပ်ချုပ်ရေးမှူးထံ တင်ပြ၍ စီမံဆောင်ရွက်နိုင်သည်။

၃၆။ ဤဥပဒေပါပြဋ္ဌာန်းချက်များကိုအကောင်အထည်ဖော်ဆောင်ရွက်ရာတွင်-

(က) ပြည်ထောင်စုအစိုးရအဖွဲ့ ပြည်ထဲရေးဝန်ကြီးဌာနသည် လိုအပ်သောနည်းဥပဒေများနှင့် စည်းမျဉ်းစည်းကမ်းများကို ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့်ထုတ်ပြန်နိုင်သည်။

(ခ) ပြည်ထောင်စုအစိုးရအဖွဲ့ ပြည်ထဲရေးဝန်ကြီးဌာနသည် လိုအပ်သောအမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကိုထုတ်ပြန်နိုင်သည်။

၃၇။ မြို့များ အက်ဥပဒေ (၁၉၀၇ခုနှစ်၊ မြန်မာနိုင်ငံအက်ဥပဒေအမှတ်၃) နှင့် ကျေးရွာ အက်ဥပဒေ (၁၉၀၇ခုနှစ်၊ မြန်မာနိုင်ငံ အက်ဥပဒေ အမှတ်၆) တို့ကို ဤဥပဒေဖြင့် ရုပ်သိမ်းလိုက်သည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေအရကျွန်ုပ်လက်မှတ်ရေးထိုးသည်။

**(ပုံ)**

**သိန်းစိန်**

**နိုင်ငံတော်သမ္မတ**

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

# ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးဥပဒေကို ပြင်ဆင်သည့်ဥပဒေ

(၂၀၁၂ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၇။)

၁၃၇၃ ခုနှစ်၊ တန်ခူးလဆန်း ၆ ရက်

( ၂၀၁၂ ခုနှစ်၊ မတ်လ ၂၈ ရက် )

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေး ဥပဒေကို ပြင်ဆင်သည့်ဥပဒေဟု ခေါ်တွင်စေရမည်။

၂။ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးဥပဒေ ပုဒ်မ ၂၇ နောက်တွင် အောက်ပါပုဒ်မကို ပုဒ်မ ၂၇-က အဖြစ်ဖြည့်စွက်ရမည် -

၂၇-က။ မည်သူမဆို ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်ထံမှ ထိုသူ၏ ဆန္ဒအလျောက် ကမ်းလှမ်းခြင်းမဟုတ်ဘဲ အကျိုးစီးပွား ထိခိုက်စေမည်ဟု ခြိမ်းခြောက်ခြင်း သို့မဟုတ် အပြစ်ပေးမည်ဟု ခြိမ်းခြောက်ခြင်းဖြင့် ထိုသူ၏ လုပ်အားသို့မဟုတ်ဝန်ဆောင်မှုကို အဓမ္မ ရယူခိုင်းစေမှုပြုလျှင် ထိုသူကို တစ်နှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ်တစ်သိန်းထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးကိုဖြစ်စေ သက်ဆိုင်ရာ တရားရုံးက ချမှတ်ရမည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံ အခြေခံ ဥပဒေအရ ကျွန်ုပ် လက်မှတ်ရေးထိုးသည်။

(ပုံ) သိန်းစိန်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

မာတိကာ သို့

# ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအုပ်ချုပ်ရေးဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့် ဥပဒေ

(၂၀၁၆ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၁၃။)

၁၃၇၇ ခုနှစ်၊ ပြာသိုလဆန်း ၁၁ ရက်

(၂၀၁၆ ခုနှစ် ၊ ဇန်နဝါရီလ ၂၀ ရက်)

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအုပ်ချုပ်ရေးဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့် ဥပဒေ ဟုခေါ်တွင်စေရမည်။

၂။ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအုပ်ချုပ်ရေးဥပဒေ ပုဒ်မ ၉ ကို အောက်ပါအတိုင်း အစားထိုးရမည်-

"၉။ (က) ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၏ရာထူးသက်တမ်းသည် သာမန်အားဖြင့် နိုင်ငံတော်သမ္မတ၏ ရာထူးသက်တမ်းအတိုင်းဖြစ်သည်။ ယင်း၏ သက်တမ်းသည် နှစ်ကြိမ်ထက်မပိုစေရ။

(ခ) ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးသည် သက်တမ်းသစ်အတွက် ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးအသစ်များ ခန့်အပ်တာဝန် ပေးပြီးသည့် အချိန်အထိ တာဝန်ထမ်းဆောင်ရမည်ဖြစ်ပြီး လုပ်ငန်းတာဝန်များကို စနစ်တကျ လွှဲပြောင်းရမည်။"

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ်လက်မှတ်ရေးထိုးသည်။

(ပုံ) သိန်းစိန်

နိုင်ငံတော်သမ္မတ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးဥပဒေကို တတိယအကြိမ် ပြင်ဆင်သည့် ဥပဒေ

(၂၀၁၆ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၄၁။)

၁၃၇၈ ခုနှစ်၊ နတ်တော်လဆန်း ၃ ရက်

( ၂၀၁၆ ခုနှစ်၊ ဒီဇင်ဘာလ ၂ ရက် )

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို **ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးဥပဒေကို တတိယအကြိမ် ပြင်ဆင်သည့်ဥပဒေ** ဟု ခေါ်တွင်စေရမည်။

၂။ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအုပ်ချုပ်ရေးဥပဒေ ပုဒ်မ ၂ တွင်-

(က) ပုဒ်မခွဲ (ဈ) ကို အောက်ပါအတိုင်း အစားထိုးရမည်-

‘( ဈ ) **ကြီးကြပ်ရေးအဖွဲ့** ဆိုသည်မှာ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး ရွေးချယ်ရာတွင် ကြီးကြပ်နိုင်ရေးအတွက် မြို့နယ်အုပ်ချုပ်ရေးမှူးက ဤဥပဒေ အရ ဖွဲ့စည်းထားသော အဖွဲ့ကို ဆိုသည်။’

( ခ ) ပုဒ်မခွဲ (ည) ၏ နောက်တွင် ပုဒ်မခွဲ (ဋ)၊ (ဌ)၊ (ဍ) နှင့် (ဎ) တို့ကို အောက်ပါအတိုင်း ဖြည့်စွက်ရမည်-

‘( ဋ ) **ဆယ်အိမ်မှူး** ဆိုသည်မှာ ရာအိမ်မှူး ရွေးချယ်ရန်အတွက်လည်းကောင်း၊ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးအား အထောက်အကူပြုရန် အတွက်လည်းကောင်း သက်ဆိုင်ရာဆယ်အိမ်စုအစုအဖွဲ့က ရွေးချယ်သည့် ပုဒ်မ ၅ ပါအရည်အချင်းများနှင့် ပြည့်စုံသူကို ဆိုသည်။

( ဌ ) **ရာအိမ်မှူး** ဆိုသည်မှာ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး ရွေးချယ်ရန်အတွက်လည်းကောင်း၊ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးအား အထောက်အကူပြုရန်အတွက်လည်းကောင်း သက်ဆိုင်ရာ ရာအိမ်စုအစုအဖွဲ့က ရွေးချယ်သည့် ပုဒ်မ ၅ ပါအရည်အချင်းများနှင့် ပြည့်စုံသူကို ဆိုသည်။

( ဍ ) **ကျေးရွာတာဝန်ခံ** ဆိုသည်မှာ ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးအား အထောက်အကူ ပြုရန်အတွက် သက်ဆိုင်ရာကျေးရွာရှိ ရာအိမ်မှူးများက ရွေးချယ်သည့် ပုဒ်မ ၅ ပါ အရည်အချင်းများနှင့် ပြည့်စုံသူကိုဆိုသည်။

(ဃ) **အိမ်ထောင်စုကိုယ်စားလှယ်** ဆိုသည်မှာ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးအား မဲပေးရွေးချယ်နိုင်ခွင့်ရှိသည့် အိမ်ထောင်စုတစ်ခု၏ အိမ်ထောင်ဦးစီး သို့မဟုတ် (၁၈) နှစ်ပြည့်ပြီး မိသားစုဝင်တစ်ဦးဦးကို ဆိုသည်။'

၃။ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအုပ်ချုပ်ရေးဥပဒေ အခန်း (၃) ခေါင်းစဉ်ကို အောက်ပါအတိုင်း အစားထိုးရမည် -

**'အခန်း (၃)**

**ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး၊ ကျေးရွာတာဝန်ခံ၊ ရာအိမ်မှူး၊ ဆယ်အိမ်မှူးတို့တွင် ပြည့်စုံရမည့် အရည်အချင်းများ'**

၄။ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအုပ်ချုပ်ရေးဥပဒေ ပုဒ်မ ၅ တွင် -

(က) ပုဒ်မခွဲ (ဂ)နှင့် (ဃ)တို့ကို ပယ်ဖျက်ရမည်။

(ခ) ပုဒ်မခွဲ (င)၊ (ဆ) နှင့် (ည) တို့ကို အောက်ပါအတိုင်း အစားထိုးရမည် -

'(င) သက်ဆိုင်ရာ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအတွင်း တစ်ဆက်တည်း အနည်းဆုံး ငါးနှစ် နေထိုင်လျက်ရှိသူဖြစ်ပြီး လက်ရှိတာဝန် ထမ်းဆောင်ချိန်တွင် သက်ဆိုင်ရာ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုတွင် အမှန်တကယ် နေထိုင်မည့်သူ ဖြစ်ခြင်း၊

**ခြွင်းချက်**။ ဒေသခံအငြိမ်းစား ဝန်ထမ်းဖြစ်ပါက သက်ဆိုင်ရာ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအတွင်း တစ်ဆက်တည်း (၂) နှစ် နေထိုင်သူကို ထည့်သွင်းစဉ်းစားနိုင်သည်။

(ဆ) ပေးအပ်သည့် တာဝန်ကို ထမ်းဆောင်နိုင်စွမ်းရှိသူဖြစ်ခြင်း၊

(ည) တာဝန်ထမ်းဆောင်ဆဲ နိုင်ငံ့ဝန်ထမ်း မဟုတ်ခြင်း။'

၅။ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအုပ်ချုပ်ရေးဥပဒေ ပုဒ်မ ၆ ကို အောက်ပါအတိုင်း အစားထိုးရမည် -

'၆။ မြို့နယ်အုပ်ချုပ်ရေးမှူးသည် ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး ရွေးချယ်ရာတွင် ကြီးကြပ်နိုင်ရေးအတွက် ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအတွင်း နေထိုင်သူများက ရွေးချယ်ပေးသော ယင်းတာဝန်ကို ထမ်းဆောင်ရန်ဆန္ဒရှိသည့် ရပ်မိရပ်ဖ ငါးဦးကို ကြီးကြပ်ရေးအဖွဲ့အဖြစ် ဖွဲ့စည်းတာဝန်ပေးအပ်ရမည်။'

၆။ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအုပ်ချုပ်ရေးဥပဒေ ပုဒ်မ ၇ ကို အောက်ပါအတိုင်း အစားထိုး ရမည် -

'၇။ ကြီးကြပ်ရေးအဖွဲ့သည်-

(က) ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအတွင်းရှိ အိမ်ထောင်စုစာရင်းများရယူ၍ သတ်မှတ်ထားသော နည်းလမ်းများနှင့်အညီ ရပ်ကွက် သို့မဟုတ် ကျေးရွာ အလိုက် တစ်ဆက်တစ်စပ်တည်းအစဉ်လိုက်ဖြစ်သော ဆယ်အိမ်စုအစုအဖွဲ့နှင့် ရာအိမ်စု အစုအဖွဲ့များကို ဖွဲ့စည်းရမည်။

( ခ ) ဆယ်အိမ်စု အသီးသီးတွင် နေထိုင်ကြသော အိမ်ထောင်စုကိုယ်စားလှယ်တို့ အား စုစည်း၍ မိမိတို့နေထိုင်ရာ ဆယ်အိမ်စုအတွင်း နေထိုင်သူများအနက်မှ ပုဒ်မ ၅ ပါ အရည်အချင်းများနှင့် ပြည့်စုံသူတစ်ဦးကို အများဆန္ဒနှင့်အညီ ဆယ်အိမ်မှူး အဖြစ် ရွေးချယ်ရမည်။

( ဂ ) ရာအိမ်စုအသီးသီးတွင် ရွေးချယ်ခံရသော ဆယ်အိမ်မှူးများအနက်မှ ရာအိမ်မှူး တစ်ဦးကို သက်ဆိုင်ရာ ရာအိမ်စုအတွင်းရှိ အိမ်ထောင်စု ကိုယ်စား လှယ်များက အများဆန္ဒနှင့်အညီ ရွေးချယ်ရမည်။

(ဃ) ရွေးချယ်ခြင်းခံရသော ရာအိမ်မှူးတစ်ဦးတည်းသာရှိပါက ယင်းပုဂ္ဂိုလ်အား ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးအဖြစ် ခန့်အပ်တာဝန်ပေး နိုင်ရန် မြို့နယ်အုပ်ချုပ်ရေးမှူးထံ တင်ပြရမည်။

( င ) ရွေးချယ်ခြင်းခံရသည့် ရာအိမ်မှူး တစ်ဦးထက်ပိုပါက ယင်းပုဂ္ဂိုလ်အား -

(၁) ရပ်ကွက်များတွင် ရပ်ကွက် အုပ်ချုပ်ရေးမှူးလောင်းများအဖြစ် လည်းကောင်း၊ ကျေးရွာအုပ်စုများတွင် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး လောင်းများအဖြစ် လည်းကောင်း အမည်စာရင်း ပြုစုရမည်။

(၂) ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးလောင်းများအဖြစ် အမည်စာရင်းပြုစုရာတွင် အုပ်ချုပ်ရေးမှူး တာဝန်ထမ်းဆောင်ရန် ဆန္ဒ မပြုသည့် ရာအိမ်မှူးများရှိပါက ယင်းတို့၏ အမည်ကို ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးလောင်းအမည်စာရင်းတွင် ချန်လှပ်ရမည်။

( စ ) ပုဒ်မခွဲ (င)၊ ပုဒ်မခွဲငယ် (၁) အရ ပြုစုထားသော အမည်စာရင်းပါ ပုဂ္ဂိုလ်များ အနက်မှ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးတစ်ဦးကို သက်ဆိုင်ရာ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအတွင်းရှိ အိမ်ထောင်စု ကိုယ်စားလှယ်များက သတ်မှတ်ထားသောနေ့ရက်တွင် လျှို့ဝှက်ဆန္ဒမဲပေးပြီး

ရွေးချယ်စေရမည်။ ရရှိသော ဆန္ဒမဲများကို ရေတွက်၍ ဆန္ဒမဲအများ အနည်းအလိုက် အမည်စာရင်း ပြုစုပြီး ကြေညာရမည်။

(ဆ) ကျေးရွာတစ်ရွာထက် ပိုမိုဖွဲ့စည်းထားသော ကျေးရွာအုပ်စုများတွင် သက်ဆိုင်ရာ ကျေးရွာတာဝန်ခံအဖြစ် ဆယ်အိမ်မှူး၊ ရာအိမ်မှူးများက မိမိတို့ထဲမှ တစ်ဦးကို အများဆန္ဒနှင့်အညီ ရွေးချယ်ရမည်။

(ဇ) ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး ရွေးချယ်ပွဲနှင့်စပ်လျဉ်း၍ အောက်ပါတို့ကို မြို့နယ်အုပ်ချုပ်ရေးမှူးထံ တင်ပြရမည်-

(၁) ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးအဖြစ် ရွေးချယ်တင်မြှောက်ခြင်းခံရသူ၏ အမည်စာရင်းနှင့် ကိုယ်ရေးအချက်အလက်များ၊

(၂) ကျေးရွာတာဝန်ခံများ၊ ရာအိမ်မှူးများအဖြစ် ရွေးချယ်ခြင်းခံရသူများ၏ အမည်စာရင်းနှင့် ကိုယ်ရေးအချက်အလက်များ၊

(၃) ဆယ်အိမ်မှူးများ၏ အမည်စာရင်းနှင့် ကိုယ်ရေးအချက်အလက်များ။'

၇။ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအုပ်ချုပ်ရေးဥပဒေ ပုဒ်မ ၈ ကို အောက်ပါအတိုင်း အစားထိုး ရမည်-

'၈။ မြို့နယ်အုပ်ချုပ်ရေးမှူးသည် ကြီးကြပ်ရေးအဖွဲ့က ပုဒ်မ ၇၊ ပုဒ်မခွဲ (ဇ) အရ တင်ပြလာသော အမည်စာရင်းပါ ပုဂ္ဂိုလ်များအားစိစစ်ပြီး ပုဒ်မ ၅ ပါအရည်အချင်းများနှင့် ပြည့်စုံပါက ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးအဖြစ် ခန့်အပ်ရမည်။ သက်ဆိုင်ရာ ကျေးရွာတာဝန်ခံ၊ ရာအိမ်မှူး၊ ဆယ်အိမ်မှူးများအဖြစ် တာဝန်ပေးရမည်။'

၈။ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအုပ်ချုပ်ရေးဥပဒေ ပုဒ်မ ၉ ကို အောက်ပါအတိုင်း အစားထိုးရမည် -

'၉။(က) ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၏ ရာထူးသက်တမ်းသည် သာမန်အားဖြင့် နိုင်ငံတော်သမ္မတ၏ ရာထူးသက်တမ်းအတိုင်း ဖြစ်သည်။ ယင်း၏ သက်တမ်းသည်တစ်ဆက်တည်း နှစ်ကြိမ်ထက်မပိုစေရ။ သို့ရာတွင် အုပ်ချုပ်ရေးမှူး သက်တမ်း၏ ထက်ဝက်ထက်မပိုသော ကြားဖြတ်တာဝန်ယူသည့်ကာလကို ရာထူး သက်တမ်းတစ်ခုဟု မသတ်မှတ်ရ။

(ခ) ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးသည် နိုင်ငံတော်သမ္မတ၏ သက်တမ်းသစ်ကာလတွင် ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး

အသစ်ရွေးချယ်ခန့်အပ်တာဝန်ပေးပြီးသည့် အချိန်အထိ တာဝန်ထမ်းဆောင်ရမည်ဖြစ်ပြီး လုပ်ငန်းတာဝန်များကို စနစ်တကျ လွှဲပြောင်းပေးရမည်။'

၉။ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအုပ်ချုပ်ရေးဥပဒေ ပုဒ်မ ၁၂၊ ပုဒ်မခွဲ (ဆ) ကို အောက်ပါအတိုင်း အစားထိုးရမည် -

'(ဆ) ဤဥပဒေပါ လုပ်ငန်းတာဝန်များနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများနှင့် သက်ဆိုင်ရာမဲဆန္ဒနယ်မှ လွှတ်တော်ကိုယ်စားလှယ်များ၏ အကြံဉာဏ်ရယူခြင်းနှင့် ပူးပေါင်းဆောင်ရွက်ခြင်း။'

၁၀။ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအုပ်ချုပ်ရေးဥပဒေ ပုဒ်မ ၁၃ တွင် -

(က) ပုဒ်မခွဲ (စ) ကို အောက်ပါအတိုင်း အစားထိုးရမည် -

'(စ) ပြည်ထောင်စုအစိုးရ၊ သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရ၊ နေပြည်တော်ကောင်စီနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့တို့က ဖြစ်စေ၊ ယင်းတို့၏ တာဝန်ပေးချက်အရ အစိုးရဌာန၊ အဖွဲ့အစည်းကဖြစ်စေ ဦးစီးကျင်းပသည့် အခမ်းအနားများနှင့် ပွဲများမှအပ အခြားအခမ်းအနားများ၊ အများ ပြည်သူသို့ ဖျော်ဖြေသည့် ပွဲများ၊ ပြပွဲများ၊ ပြိုင်ပွဲများ၊ ရိုးရာဓလေ့အရပွဲများ ကျင်းပခြင်းနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာ မြို့နယ်အုပ်ချုပ်ရေးမှူးထံ အသိပေးတင်ပြပြီး တာဝန်ယူ၊ တာဝန်ခံကျင်းပစေခြင်း၊'

(ခ) ပုဒ်မခွဲ (ဆ) ကို ပယ်ဖျက်ရမည်။

(ဂ) ပုဒ်မခွဲ (ည) ကို အောက်ပါအတိုင်း အစားထိုးရမည် -

'(ည) အများပြည်သူနှင့် သက်ဆိုင်သည့် ဖျော်ဖြေမှု၊ အပန်းဖြေ အနားယူမှု လုပ်ငန်းများ တည်ထောင်ခွင့်တောင်းခံလာပါက သဘောထားမှတ်ချက်ဖြင့် သက်ဆိုင်ရာသို့ တင်ပြခြင်း၊ ခွင့်ပြုချက်မရှိဘဲ ဖွင့်လှစ်လျှင်ဖြစ်စေ၊ စည်းကမ်းချက် မလိုက်နာလျှင်ဖြစ်စေ အရေးယူခြင်း၊ အရေးယူရန် အကြောင်းကြားခြင်း၊'

(ဃ) ပုဒ်မခွဲ (ဎ) ကို အောက်ပါအတိုင်း အစားထိုးရမည် -

'(ဎ) တရားဥပဒေစိုးမိုးရေး၊ မှုခင်းကျဆင်းရေးနှင့်လုံခြုံရေးတို့အတွက် စစ်ဆေးရန် လိုအပ်သော နေအိမ်ဥပစာနှင့် နေရာများကို လုံလောက်သော အကြောင်းပြချက် နှင့် အဖွဲ့ဖြင့် စနစ်တကျ ဝင်ရောက်စစ်ဆေးခြင်း၊'

(င) ပုဒ်မခွဲ (ခ) ကို အောက်ပါအတိုင်း အစားထိုးရမည်-

'(ခ) ဖွားသေမှတ်ပုံတင်စာရင်းနှင့် အိမ်ထောင်စုပြောင်းရွှေ့ထွက်ခွာခြင်း၊ ပြောင်းရွှေ့ ရောက်ရှိခြင်းနှင့် လူဦးရေစာရင်းများကို အချိန်နှင့်တစ်ပြေးညီ ပြုစုခြင်း၊'

(စ) ပုဒ်မခွဲ (ဝ) ကို အောက်ပါအတိုင်း အစားထိုးရမည်-

'(ဝ) အများပြည်သူအကျိုးနှင့်ဒေသခံပြည်သူများ၏ အကျိုးကို လတ်တလော ထိခိုက် စေမည့် ဘေးအန္တရာယ်များ ကျရောက်သဖြင့် အရေးပေါ်အခြေအနေ ပေါ်ပေါက်သည့်အခါ ဒေသခံပြည်သူတို့အတွက် အရေးကြီးပြီး တိုက်ရိုက် အကျိုးပြုသည့်လုပ်ငန်းကို ချက်ချင်းဆောင်ရွက်ခြင်းနှင့် မြို့နယ် အုပ်ချုပ်ရေးမှူးထံ အမြန်ဆုံးတင်ပြခြင်း၊'

၁၁။ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအုပ်ချုပ်ရေးဥပဒေ ပုဒ်မ ၁၅ ၏ ခြေဆင်းကို အောက်ပါ အတိုင်း အစားထိုးရမည် -

'၁၅။ မြို့နယ်အုပ်ချုပ်ရေးမှူးသည် ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး တစ်ဦးဦးနှင့်ပတ်သက်၍ အောက်ပါအကြောင်း တစ်ရပ်ရပ်ပေါ်ပေါက်လျှင် စုံစမ်းစစ်ဆေးမှု ပြုရန် လိုအပ်ပါက အဖွဲ့ဖြင့် စုံစမ်းစစ်ဆေးမှုပြုပြီး နုတ်ထွက်ခွင့်ပြုခြင်း၊ တာဝန်မှ ယာယီ ရပ်ဆိုင်းခြင်း သို့မဟုတ် ရပ်စဲခြင်းပြုနိုင်သည်-'

၁၂။ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးဥပဒေတွင် -

(က) ပုဒ်မ ၁၆ ၏ခြေဆင်းကို အောက်ပါအတိုင်း အစားထိုးရမည် -

'၁၆။ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးတစ်ဦးဦးအား နုတ်ထွက် ခွင့်ပြုခြင်း၊ တာဝန်မှ ယာယီရပ်ဆိုင်းခြင်း သို့မဟုတ် ရပ်စဲခြင်း၊ ယာယီခွင့် ခံစားခွင့်ပြုခြင်းနှင့်စပ်လျဉ်း၍-'

(ခ) ပုဒ်မ ၁၆၊ ပုဒ်မခွဲ (ဂ) ကို အောက်ပါအတိုင်း အစားထိုးရမည် -

'(ဂ) တာဝန်မှ ယာယီရပ်ဆိုင်းခံရသည့်ကာလတွင်ဖြစ်စေ၊ နုတ်ထွက်ခြင်း တာဝန်မှ ရပ်စဲခြင်း၊ ကွယ်လွန်ခြင်း သို့မဟုတ် အခြားအကြောင်းကြောင့် လစ်လပ် နေသည့် ကာလတွင်ဖြစ်စေ၊ ယာယီခွင့် ခံစားခွင့်ပြုသည့် ကာလတွင်ဖြစ်စေ သက်ဆိုင်ရာ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၏ တာဝန်ကို ထမ်းဆောင်ရန် မြို့နယ်အုပ်ချုပ်ရေးမှူးသည် ပုဒ်မ ၇၊ ပုဒ်မခွဲ (စ) အရ ဆန္ဒမဲ ဒုတိယအများဆုံး ရရှိသည့် ရာအိမ်မှူးတစ်ဦးဦးအား ယာယီတာဝန် ပေးအပ်ရမည်။ ဆန္ဒမဲဒုတိယ အများဆုံးရရှိသူက ဆောင်ရွက်နိုင်ခြင်း

မရှိကြောင်း ပေါ်ပေါက်လျှင် သင့်လျော်သည့် ကျေးရွာတာဝန်ခံ သို့မဟုတ် ရာအိမ်မှူးတစ်ဦးဦးအား ယာယီတာဝန်ပေးအပ် ရမည်။'

၁၃။ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအုပ်ချုပ်ရေးဥပဒေ ပုဒ်မ ၁၆ ၏နောက်တွင် ပုဒ်မ ၁၆-က ကို အောက်ပါအတိုင်း ဖြည့်စွက်ရမည် -

'၁၆-က။ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးတစ်ဦးဦးသည် ပုဒ်မ ၁၅၊ ပုဒ်မခွဲ (ခ)၊ (ဂ) နှင့် (စ) ပါပြဋ္ဌာန်းချက်တစ်ခုခုအရ တာဝန်မှ ရပ်စဲခံရပါက တစ်ဆက်တစ်စပ်တည်း ဖြစ်သော သက်တမ်းနှစ်ကြိမ်တွင် ပါဝင်ရွေးချယ်ခံခွင့် မရှိစေရ။'

၁၄။ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအုပ်ချုပ်ရေးဥပဒေ ပုဒ်မ ၁၇ ကို အောက်ပါအတိုင်း အစားထိုးရမည်-

'၁၇။ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအတွင်း တစ်လနှင့်အထက် ကျော်လွန်၍ လာရောက် တည်းခိုနေထိုင်သူများရှိပါက မှတ်တမ်းထားရှိနိုင်ရန်အတွက် သတ်မှတ်နည်းလမ်းများနှင့်အညီ သက်ဆိုင်ရာတာဝန်ရှိသူထံ အသိပေးအကြောင်းကြားရမည်။'

၁၅။ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအုပ်ချုပ်ရေးဥပဒေ ပုဒ်မ ၂၀ ကို အောက်ပါအတိုင်း အစားထိုးရမည် -

'၂၀။ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအတွင်း နေထိုင်သူသည် အများပြည်သူနှင့် သက်ဆိုင်သည့် ဖျော်ဖြေမှု၊ အပန်းဖြေအနားယူမှုလုပ်ငန်းများ တည်ထောင်လိုပါက သက်ဆိုင်ရာ ဌာန၊ အဖွဲ့အစည်းများထံမှ ခွင့်ပြုချက်ရယူရမည့်အပြင် သတ်မှတ်ထားသည့် စည်းကမ်းချက် များကို လိုက်နာရမည်။'

၁၆။ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအုပ်ချုပ်ရေးဥပဒေ ပုဒ်မ ၂၁ ကို အောက်ပါအတိုင်း အစားထိုးရမည် -

'၂၁။ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအတွင်း နေထိုင်သူသည် အခမ်းအနားများ၊ အများပြည်သူဖျော်ဖြေသည့် ပွဲများ၊ ပြပွဲများ၊ ပြိုင်ပွဲများ၊ ရိုးရာဓလေ့အရ ပြုလုပ်သည့်ပွဲများကို ကျင်းပလိုပါက သက်ဆိုင်ရာတာဝန်ရှိသူထံ အသိပေးတင်ပြရမည့်အပြင် သတ်မှတ်ပေးထားသည့် စည်းကမ်းချက်များကို လိုက်နာရမည်။'

၁၇။ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအုပ်ချုပ်ရေးဥပဒေ ပုဒ်မ ၂၄ ၏ ခေါင်းစဉ်ကို အောက်ပါအတိုင်း အစားထိုးရမည် -

'၂၄။ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအတွင်း နေထိုင်သူများသည် အောက်ပါ အခွင့်အရေးများကို ခံစားပိုင်ခွင့်ရှိသည် -'

၁၈။ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအုပ်ချုပ်ရေးဥပဒေ ပုဒ်မ ၂၇ ကို အောက်ပါအတိုင်း အစားထိုးရမည် -

'၂၇။ မည်သူမဆို ပုဒ်မ ၁၈ နှင့် ပုဒ်မ ၁၉ ပါတာဝန်ကို ဆောင်ရွက်ရန် ပျက်ကွက်လျှင် ထိုသူကို ကျပ်ငါးထောင်ထက်မပိုသော ငွေဒဏ်ချမှတ်ရမည်။ ငွေဒဏ်ပေးဆောင်ရန် ပျက်ကွက်ပါက ခုနစ်ရက်ထက်မပိုသော ထောင်ဒဏ် ကျခံစေရန် သက်ဆိုင်ရာတရားရုံးက ချမှတ်ရမည်။'

၁၉။ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအုပ်ချုပ်ရေးဥပဒေ ပုဒ်မ ၃၃ ကို ပယ်ဖျက်ရမည်။

၂၀။ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအုပ်ချုပ်ရေးဥပဒေ ပုဒ်မ ၃၄ ၏ နောက်တွင် ပုဒ်မ ၃၄-က ကို အောက်ပါအတိုင်း ဖြည့်စွက်ရမည် -

'၃၄-က။(က) ကျေးရွာတာဝန်ခံနှင့်ရာအိမ်မှူးများသည် သက်ဆိုင်ရာရပ်ကွက် သို့မဟုတ် ကျေးရွာ အုပ်စုအုပ်ချုပ်ရေးမှူးအား လုံခြုံရေးနှင့်အုပ်ချုပ်ရေးဆိုင်ရာ ကိစ္စရပ်များ အတွက် အကြံပေးခြင်း၊ အထောက်အကူပြုခြင်းတို့ ဆောင်ရွက်ရန် တာဝန် ရှိသည်။

(ခ) ဆယ်အိမ်မှူးများသည် ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု၏ လုံခြုံရေးနှင့် အုပ်ချုပ်ရေး လုပ်ငန်းများတွင် သက်ဆိုင်ရာအုပ်ချုပ်ရေးမှူး၏ ဦးဆောင် စီမံမှုနှင့်အတူ ပါဝင်ဆောင်ရွက်ရန် တာဝန်ရှိသည်။'

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ်လက်မှတ်ရေး ထိုးသည်။

(ပုံ) ထင်ကျော်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ**

**ပြည်ထဲရေးဝန်ကြီးဌာန**

**အမိန့်ကြော်ငြာစာအမှတ်   ၃၈၆ /၂၀၁၂**

**၁၃၇၄ ခုနှစ်၊ ပထမဝါဆိုလပြည့်ကျော် ၃ ရက်**

**( ၂၀၁၂ ခုနှစ်၊ ဇူလိုင်လ ၆ ရက် )**

**နိဒါန်း**

ပြည်ထဲရေးဝန်ကြီးဌာနသည် ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးဥပဒေပုဒ်မ ၃၆ ၊ ပုဒ်မခွဲ(က)အရ အပ်နှင်းသောလုပ်ပိုင်ခွင့်ကို ကျင့်သုံး၍ ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် အောက်ပါနည်းဥပဒေများကို ထုတ်ပြန်လိုက်သည်။

**အခန်း (၁)**

**အမည်နှင့်အဓိပ္ပာယ်ဖော်ပြချက်**

၁။ ဤနည်းဥပဒေများကို **ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးဆိုင်ရာ နည်းဥပဒေများ** ဟုခေါ်တွင်စေရမည်။

၂။ ဤနည်းဥပဒေများတွင်ပါ ရှိသော စကားရပ်များသည် ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေး ဥပဒေတွင်ပါရှိသည့်အတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည်။ထို့ပြင်အောက်ပါ စကားရပ်များ သည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည် -

(က) **ဥပဒေ** ဆိုသည်မှာ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးဥပဒေကိုဆိုသည်။

(ခ) **ကြီးကြပ်ရေးအဖွဲ့** ဆိုသည်မှာ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး ရွေးချယ်ရာတွင် ကြီးကြပ်နိုင်ရေးအတွက် မြို့နယ်အုပ်ချုပ်ရေးမှူးက ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးဥပဒေပုဒ်မ ၆ အရ ဖွဲ့စည်းထားသော ကြီးကြပ်ရေးအဖွဲ့ကို ဆိုသည်။

(ဂ) **ပုံစံ** ဆိုသည်မှာ ဤနည်းဥပဒေများတွင် သတ်မှတ်ထားသောပုံစံကို ဆိုသည်။

(ဃ) **အိမ်ထောင်စု** ဆိုသည်မှာ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာနက သတ်မှတ်ထားသော ပုံစံ ၆၆/၆ ပါ စာရင်းကိုဆိုသည်။

(င) **ဆယ်အိမ်စု** ဆိုသည်မှာ နည်းဥပဒေ ၅ အရ ဖွဲ့စည်းသော အိမ်ထောင်စု အစုအဖွဲ့ကို ဆိုသည်။

## အခန်း (၂)

## ကြီးကြပ်ရေးအဖွဲ့ ဖွဲ့စည်းခြင်းနှင့် လုပ်ငန်းတာဝန်များ

၃။ မြို့နယ်အုပ်ချုပ်ရေးမှူးသည် ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး ရွေးချယ်ရာတွင် ကြီးကြပ်နိုင်ရေးအတွက် ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုတစ်ခုတွင် အများကြည်ညို လေးစားပြီး သြဇာတိက္ကမရှိသည့် ရပ်မိရပ်ဖငါးဦးကို ရွေးချယ်၍ ကြီးကြပ်ရေးအဖွဲ့ဝင်အဖြစ် တာဝန်ပေးအပ်ရမည်။

၄။ ကြီးကြပ်ရေးအဖွဲ့ဝင်အဖြစ်ရွေးချယ်ခြင်းခံရသူသည် ယင်းတာဝန်ကို ဆောင်ရွက်လိုသော ဆန္ဒမရှိပါက ငြင်းပယ်ခွင့်ရှိပြီး တာဝန်ထမ်းဆောင်ရန် ဆန္ဒရှိသူကိုသာရွေးချယ်၍ ကြီးကြပ်ရေးအဖွဲ့ကို ဖွဲ့စည်းရမည်။

၅။ ကြီးကြပ်ရေးအဖွဲ့သည် ဆယ်အိမ်စုဖွဲ့စည်းရာတွင် ရပ်ကွက် သို့မဟုတ်ကျေးရွာအုပ်စုအတွင်းရှိ အိမ်ခြေစာရင်းကို ရယူ၍ -

(က) အများဆုံး အိမ်ထောင်စုဆယ်စုပါ ဝင်သော ဆယ်အိမ်စုများကို ဖွဲ့စည်းရမည်။

(ခ) သတ်မှတ်နယ်မြေတစ်ခုအတွင်း-

(၁) အိမ်ထောင်စု ဆယ်စုမပြည့်လျှင် ဆယ်အိမ်စု တစ်စုအဖြစ် သတ်မှတ်ဖွဲ့စည်းရမည်။

(၂) အိမ်ထောင်စုအရေအတွက် ဆယ်ပြည့်ပြီးနောက် အစွန်းထွက် ဖြစ်လျှင် အိမ်ထောင်စု အရေအတွက်မျှတစွာပါဝင်သော ဆယ်အိမ်စုနှစ်စုကို ဖွဲ့စည်းရမည်။

၆။ ကြီးကြပ်ရေးအဖွဲ့သည် ဆယ်အိမ်စုကိုယ်စားလှယ်များ ရွေးချယ်နိုင်ရန် ဆယ်အိမ်စု တစ်စုတွင် နေထိုင်သော သက်ဆိုင်ရာ အိမ်ထောင်ဦးစီး သို့မဟုတ် အသက် ၁၈ နှစ်ပြည့်ပြီးသည့် အိမ်ထောင်စု ကိုယ်စားလှယ်တစ်ဦးစီအားစုစည်း၍ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ် ရေးမှူးအတွက် ဥပဒေပုဒ်မ၅တွင် သတ်မှတ်ထားသော အရည်အချင်းများကို ရှင်းလင်း ပြောကြား ရမည်။ယင်းအိမ်ထောင် ဦးစီးနှင့်အိမ်ထောင်စုကိုယ်စားလှယ်များက မိမိတို့ဆယ်အိမ်စုအတွင်း၌ နေထိုင်သူများအနက်မှ သတ်မှတ်အရည်အချင်းများနှင့် ပြည့်စုံသည့်ပုဂ္ဂိုလ်တစ်ဦးကို ဆယ်အိမ်စု ကိုယ်စားလှယ်အဖြစ် လျှို့ဝှက်ဆန္ဒမဲပေး၍ ရွေးချယ်စေရမည်။ ရွေးချယ်ရရှိသောပုဂ္ဂိုလ်၏ အမည် စာရင်းနှင့်ကိုယ်ရေးအချက်အလက်တို့ကိုကြီးကြပ်ရေး အဖွဲ့ကမှတ်တမ်းတင်ထားရမည်။

၇။ ကြီးကြပ်ရေးအဖွဲ့သည် နည်းဥပဒေ ၆ အရ ရွေးချယ်ရရှိသော ဆယ်အိမ်စု ကိုယ်စားလှယ် အသီးသီးကို ဥပဒေပုဒ်မ ၅ ပါ အရည်အချင်းများနှင့် ပြည့်စုံခြင်း ရှိ မရှိ စိစစ်ရမည်။ သတ်မှတ် အရည်အချင်းများနှင့် ပြည့်စုံသူများကို ဆယ်အိမ်စုကိုယ်စားလှယ်များအဖြစ် **ပုံစံ(က)**ဖြင့် အမည်စာရင်း ပြုစု၍ အတည်ပြုရမည်။

၈။ နည်းဥပဒေ ၇ အရ အတည်ပြုခံရသော ဆယ်အိမ်စု ကိုယ်စားလှယ်တစ်ဦးချင်းကဖြစ်စေ၊ တစ်ဦးထက်ပိုသူများက ဖြစ်စေ မိမိတို့အနက်မှ ရပ်ကွက် သို့မဟုတ် ကျေးရွာ အုပ်စုအုပ်ချုပ်ရေးမှူး အဖြစ် ခန့်အပ်တာဝန်ပေးရန် သင့်လျော်ကြောင်း အဆိုပြုလိုသော ပုဂ္ဂိုလ်၏ အမည်ကို ကြီးကြပ်ရေး အဖွဲ့သို့တင်ပြရမည်။ အဆိုပြုခံရသော ပုဂ္ဂိုလ်သည် အုပ်ချုပ်ရေးမှူး တာဝန်ထမ်းဆောင်လိုသော ဆန္ဒမရှိပါက ငြင်းပယ်နိုင်ခွင့်ရှိသည်။

၉။ ကြီးကြပ်ရေးအဖွဲ့သည် နည်းဥပဒေ ၈ အရ တင်ပြသော ပုဂ္ဂိုလ်များ၏ အမည်စာရင်းကို **ပုံစံ(ခ)**ဖြင့်ပြုစုပြီး ယင်းပုဂ္ဂိုလ်များအနက်မှ တစ်ဦးကို ဆယ်အိမ်စုကိုယ်စားလှယ်များအားလုံးက ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးအဖြစ် လျှို့ဝှက်ဆန္ဒမဲပေး၍ ရွေးချယ်စေ**ပြီး** ရရှိသောမဲစာရင်းကို ရေတွက်၍ ကြေညာရမည်။ ရွေးချယ်ရရှိသော ပုဂ္ဂိုလ်များ၏ ဆန္ဒမဲအများအနည်း အလိုက်ဦးစားပေးအစီအစဉ်ကို **ပုံစံ(ဂ)** ဖြင့် ထိန်းသိမ်းထားရမည်။ လျှို့ဝှက်ဆန္ဒမဲ အများဆုံးရရှိ သောပုဂ္ဂိုလ်၏ အမည်စာရင်းကို **ပုံစံ(ဃ)** ဖြင့်ပြုစု၍ ကိုယ်ရေးအချက်အလက်နှင့်အတူ မြို့နယ် အုပ်ချုပ်ရေးမှူးထံ တင်ပြရမည်။

၁၀။ ဆယ်အိမ်စုကိုယ်စားလှယ်များအားလုံးက လျှို့ဝှက်ဆန္ဒမဲပေး၍ သက်ဆိုင်ရာ ရပ်ကွက်သို့မဟုတ် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး ရွေးချယ်ရာတွင် ဆန္ဒမဲအရေအတွက် တူညီလျှင်ဖြစ်စေ၊ အငြင်းပွားမှု ပေါ်ပေါက်ခဲ့လျှင်ဖြစ်စေ ကြီးကြပ်ရေးအဖွဲ့သည် ရရှိသောဆန္ဒမဲအရေအတွက်ကို မည်သူမျှ ဝင်ရောက် ညှိနှိုင်းဆောင်ရွက်ခွင့်မပြုဘဲ လျှို့ဝှက်ဆန္ဒမဲပေး၍ ရွေးချယ်ခြင်းကို နည်းဥပဒေ ၈နှင့် နည်းဥပဒေ ၉ တို့ပါအတိုင်းထပ်မံပြုလုပ်ရမည်။

## အခန်း(၃)

## ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး ခန့်အပ်တာဝန်ပေးခြင်း

၁၁။ မြို့နယ်အုပ်ချုပ်ရေးမှူးသည် သက်ဆိုင်ရာ ကြီးကြပ်ရေးအဖွဲ့က တင်ပြသောပုဂ္ဂိုလ်ကို စိစစ်ပြီးဥပဒေပုဒ်မ၅ပါ အရည်အချင်းများနှင့်ပြည့်စုံပါ က ခရိုင်အုပ်ချုပ်ရေးမှူးထံတင်ပြအတည်ပြု ချက်ရယူ၍ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးအဖြစ်ခန့်အပ် တာဝန်ပေးရမည်။ ဥပဒေပုဒ်မ ၅ပါ အရည်အချင်းများနှင့် ပြည့်စုံခြင်းမရှိပါ က ကြီးကြပ်ရေးအဖွဲ့သို့ အမည်စာရင်း ထပ်မံတင်ပြရန် အကြောင်းကြားရမည်။ ယင်းအကြောင်းကြားချက်ကို ရရှိသော ကြီးကြပ်ရေးအဖွဲ့ သည် နည်းဥပဒေ ၆၊ ၇၊ ၈၊ ၉နှင့် ၁၀ တို့နှင့်အညီ ဆောင်ရွက်ပြီး မြို့နယ်အုပ်ချုပ်ရေးမှူးထံ တင်ပြသည့်အခါ အထက်ပါအတိုင်းဆောင်ရွက်ရမည်။

## အခန်း (၄)

## ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၏ လုပ်ငန်းတာဝန်များ

၁၂။ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးသည် ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အတွင်း လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေး၊ မှုခင်းနှင့် ဒုစရိုက်မှု ကာကွယ်ရေးနှင့် စပ်လျဉ်း၍ အောက်ပါ ကိစ္စရပ်များကို သက်ဆိုင်ရာ မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် အနီးဆုံးရဲတပ်ဖွဲ့စခန်းသို့ သတင်းပေးပို့ ရမည်-

(က) ခိုးရာပါပစ္စည်းနှင့် တားမြစ်ကန့်သတ်ထားသောပစ္စည်းများကို လက်ခံလေ့ရှိသူ၊ ထုခွဲ ရောင်းချလေ့ရှိသူများ လာရောက်တည်းခိုကြောင်း သတင်းရရှိခြင်း၊

(ခ ) အချုပ်ပြေး၊ ထောင်ပြေး၊ ဝရမ်းပြေး၊ တပ်ပြေး၊ ရဲပြေး၊ သင်္ကာမကင်းရှိသူများ လာရောက် တည်းခိုကြောင်း၊ ဖြတ်သန်းသွားလာကြောင်း သတင်းရရှိခြင်း၊

(ဂ ) ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအတွင်း နေထိုင်သူမဟုတ်သော မသင်္ကာဖွယ် သူစိမ်း ရောက်ရှိကြောင်း သတင်းရရှိခြင်း၊

(ဃ) အောက်ပါပြစ်မှုတစ်ရပ်ရပ်ကို ကျူးလွန်ကြောင်းသို့မဟုတ် ကျူးလွန်ရန်ကြံရွယ်ကြောင်း သတင်းရရှိခြင်း -

(၁) လူသတ်မှု၊

(၂) လူသတ်မှုမမြောက်သော လူသေမှု၊

(၃) ဓားပြမှု၊

(၄) လုယက်မှု၊

(၅) လက်နက်အက်ဥပဒေကိုကျူးလွန်သည့်ပြစ်မှု၊

(၆) သတင်းပေးရမည်ဟု အခါအားလျော်စွာညွှန်ကြားထားသောပြစ်မှု။

(င ) သံသယဖြစ်ဖွယ်ရှိသော ရုတ်တရက်ဖြစ်စေ၊ ဓမ္မတာအလျောက်မဟုတ်ဘဲဖြစ်စေ လူသေဆုံးခြင်း၊

(စ ) လိုင်စင်မရှိသောလက်နက်၊ တားမြစ်ထားသောလက်နက်၊ ခဲယမ်းမီးကျောက်များ၊ ပေါက်ကွဲစေ တတ်သော ဝတ္ထုပစ္စည်းများ တရားမဝင်လက်ဝယ်ထားရှိခြင်း၊

(ဆ) ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအတွင်း ကြေးနန်းအဆက်အသွယ်များ၊ လမ်းများ၊ တံတားများ သို့မဟုတ် မီးရထားလမ်းများအပါအဝင်နိုင်ငံပိုင်ပစ္စည်းများကို ခိုးယူခြင်း၊ အလွဲသုံးစားပြုခြင်း၊ ဖျက်ဆီးခြင်း၊ ပျက်စီးစေခြင်းနှင့် ယင်းသို့ဆောင်ရွက်ရန် အားထုတ်ခြင်း၊ အားပေးကူညီခြင်းတို့ကိုတွေ့ရှိခြင်း၊

(ဇ) ပြည့်တန်ဆာအဖြစ် အသက်မွေးသူ၊ ပြည့်တန်ဆာအဖြစ် လုပ်ကိုင်ရန် ခေါ်ဆောင်ပေးသူ၊ ပြည့်တန်ဆာအဖြစ်ဖြင့် ရှာဖွေရရှိသည့် စီးပွားကိုမှီ၍ အသက်မွေးသူ၊ ပြည့်တန်ဆာ အိမ်ထားရှိသူ၊ စီမံကြီးကြပ်သူ သို့မဟုတ် ပြည့်တန်ဆာ အိမ်အဖြစ် အသုံးပြုခွင့်ပေးသူကို တွေ့ရှိခြင်း၊

(ဈ) ဥပဒေတစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း တွေ့ရှိခြင်း။

၁၃။ နည်းဥပဒေ ၁၂ အရ သတင်းပေးပို့ချက်နှင့် စပ်လျဉ်း၍ သက်ဆိုင်ရာမှလာရောက် စုံစမ်းစစ်ဆေးရာတွင်လည်းကောင်း၊ ဖမ်းဆီးရာတွင်လည်းကောင်း၊ ပြစ်မှုကျူးလွန်ရာတွင် အသုံးပြုသည့် ပစ္စည်း လက်နက်ကိရိယာများကို သက်သေခံအဖြစ် သိမ်းဆည်းရာတွင်လည်းကောင်း ကူညီပံ့ပိုးပေးရမည်။

၁၄။ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးသည် အုပ်ချုပ်ရေးဆိုင်ရာ လုပ်ငန်းတာဝန်များကို အောက်ပါအတိုင်းဆောင်ရွက်ရမည် -

(က) ပွဲများကြီးကြပ်ခြင်းနှင့်စပ်လျဉ်း၍-

(၁) ဥပဒေ ပုဒ်မ ၁၃၊ ပုဒ်မခွဲ(စ) အရ အခမ်းအနားများနှင့် အများပြည်သူကို ဖျော်ဖြေသည့်ပွဲများ၊ ပြပွဲများ၊ ပြိုင်ပွဲများ၊ ရိုးရာဓလေ့ပွဲများ ကျင်းပလိုသော သက်ဆိုင်ရာ ပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်းများက ကျင်းပခွင့် အမိန့် တောင်းခံသည့်အခါမိမိ၏ သဘောထားမှတ်ချက်ဖြင့် မြို့နယ်အုပ်ချုပ်ရေးမှူးမှ တစ်ဆင့် ခရိုင်အုပ်ချုပ်ရေးမှူးထံ တင်ပြခြင်း၊

(၂) ပြည်ထောင်စုအစိုးရ၊ နေပြည်တော်ကောင်စီ၊ သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့် ရဒေသဦးစီးအဖွဲ့တို့ကဖြစ်စေ၊ ယင်းတို့၏ တာဝန်ပေးချက်အရ အစိုးရအဖွဲ့အစည်းများကဖြစ်စေ ကျင်းပသည့် အခမ်းအနားများ၊ ပွဲလမ်းသဘင်များ၊ သရုပ်ဖော်ပြပွဲများ၊ ပြိုင်ပွဲများနှင့် အခြားဖျော်ဖြေပွဲများကို ကျင်းပခြင်းဖြစ်ပါက နေပြည်တော်ကောင်စီ၊ သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့တို့က သတ်မှတ်သည့် စည်းကမ်းချက်များနှင့် ညီညွတ်စေရန် ကြီးကြပ်ခြင်း၊

(၃) သက်ဆိုင်ရာက ထုတ်ပေးထားသည့်ပွဲမိန့်သို့မဟုတ် ခွင့်ပြုချက်မရှိဘဲ အခမ်းအနားနှင့်ပွဲလမ်းသဘင်ကျင်းပခြင်း၊ စင်တင်တေးဂီတဖြင့် ဖျော်ဖြေခြင်း၊ ပြိုင်ပွဲ၊

သရုပ်ဖော်ပြသပွဲနှင့် အခြားဖျော်ဖြေပွဲများ ကျင်းပခြင်း သို့မဟုတ် ယင်းပွဲများ ကျင်းပနိုင်ရန်အားပေးကူညီခြင်း တို့ကိုတွေ့ရှိပါက သက်ဆိုင်ရာသို့တင်ပြခြင်း၊

(၄) သက်ဆိုင်ရာက ထုတ်ပေးသည့် ပွဲမိန့် သို့မဟုတ် ခွင့်ပြုချက်ဖြင့် ပွဲကျင်းပခြင်း ဖြစ်သော်လည်း သတ်မှတ်ထားသော စည်းကမ်းချက်ကို လိုက်နာခြင်း မရှိကြောင်း တွေ့ရှိလျှင် သက်ဆိုင်ရာသို့ တင်ပြခြင်း၊

(၅) သက်ဆိုင်ရာ၏ ခွင့်ပြုချက်အရ ကျင်းပသောပွဲများကို ကြပ်မတ်ထိန်းသိမ်းနိုင်ရေးအတွက် သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများနှင့် ညှိနှိုင်းဆောင်ရွက်ခြင်း၊

(၆) ပွဲခင်းနှင့် ပွဲသွားပွဲလာနေရာများတွင် အများပြည်သူတို့ကို အန္တရာယ်ဖြစ်စေနိုင်သော လက်နက်ကိရိယာတစ်စုံတစ်ရာကို ကိုင်ဆောင်သွားလာခြင်းမပြုရန် တားမြစ်ခွင့်နှင့် သိမ်းဆည်းထားခွင့်ရှိခြင်း၊

(၇) ပွဲခင်းလုံခြုံရေးတာဝန်ရှိသူနှင့် လက်နက်ကိုင်ဆောင်ခွင့်ပြုထားသူများမှအပ မည်သူ့ကိုမျှ လက်နက်ကိုင်ဆောင်ခွင့်မပြုရန်တားမြစ်ခြင်း။

(ခ ) ဧည့်စာရင်းတိုင်ကြားခြင်းနှင့်စပ်လျဉ်း၍-

(၁) အခြားရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုမှ ညဉ့်အိပ်ညဉ့်နေလာရောက် တည်းခိုသူများနှင့်ပတ်သက်၍ ရပ်ကွက် ဖြစ်လျှင် ၁၂ နာရီ၊ ကျေးရွာဖြစ်လျှင် လေးနာရီအတွင်း နေထိုင်သူအိမ်ရှင်ကဖြစ်စေ၊ နေထိုင်သူမရှိပါက လာရောက်နေထိုင်သူဧည့်သည်ကဖြစ်စေ ရပ်ကွက်သို့မဟုတ်ကျေးရွာအုပ်စု အုပ်ချုပ် ရေးမှူးရုံးတွင် ဧည့်စာရင်း တိုင်ကြားခြင်း၊ ယင်းလာရောက်နေထိုင်သူ ပြန်လည်ထွက်ခွာသည့်အခါ နေထိုင်သူအိမ်ရှင်ကဖြစ်စေ အိမ်ရှင်မရှိက လာရောက်နေထိုင်သူဧည့်သည်ကဖြစ်စေ အကြောင်းကြားခြင်းကိုလက်ခံခြင်း၊

(၂) မြို့နယ်အုပ်ချုပ်ရေးမှူးမှ ညွှန်ကြားချက်ရရှိလျှင် နယ်မြေခံရဲတပ်ဖွဲ့၊ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးအနီးစပ်ဆုံး ဆယ်အိမ်စုကိုယ်စားလှယ် တို့ပါဝင်သောအဖွဲ့ဖြင့် ဧည့်စာရင်းစစ်ဆေးဆောင်ရွက်စေခြင်း။

(၃) ဧည့်စာရင်းမှတ်ပုံတင်စာအုပ်တွင် အပြည့်အစုံရေးသွင်းခြင်း။

(၄) ဧည့်စာရင်းမှတ်ပုံတင်စာအုပ်ကို နှစ်ကုန်ဆုံးတိုင်း စာရင်းပိတ်သိမ်းခြင်း၊

(၅) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံးနှင့် အလှမ်းကွာဝေးသော ကျေးရွာတွင် ဖြစ်ပါ က သက်ဆိုင်ရာ ဆယ်အိမ်စုမှူးက မှတ်တမ်း ရေးသွင်း၍ တစ်လ တစ်ကြိမ် လဆန်းရက်တိုင်း ကျေးရွာ အုပ်စု အုပ်ချုပ်ရေးရုံးသို့ ပေးပို့စေခြင်း။

(ဂ) အသံချဲ့စက်ဖွင့်ခွင့်ပြုခြင်းနှင့်စပ်လျဥ်း၍-

(၁) အသံချဲ့စက်ဖွင့်မည့် သက်ဆိုင်ရာကာယကံရှင်ကဖြစ်စေ၊ အဖွဲ့အစည်းကဖြစ်စေ၊ အသံချဲ့စက်ငှါးရမ်းသူ ပိုင်ရှင်ကဖြစ်စေ အကျိုးအကြောင်းနှင့် အသံချဲ့စက်ဖွင့်လိုသည့် ရက်နှင့် အချိန်ကို ဖော်ပြ၍ အနည်းဆုံး သုံးရက်ကြို တင်လျှောက်ထားချက်ကိုလက်ခံ ခြင်း၊

(၂) နည်းဥပဒေခွဲငယ်(၁)အရလျှောက်ထားချက်ကိုရရှိပါကလိုအပ်သလိုစိစစ်၍ -

(ကက)သာမန်အားဖြင့်နံနက် ခြောက်နာရီမှ ည ကိုးနာရီအထိသာ ခွင့်ပြုခြင်း၊

(ခခ) အများပြည်သူအား အနှောင့်အယှက် မဖြစ်စေရေးအတွက် ခွင့်ပြုသည့် ဥပစာအတွင်း အများပြည်သူကြားသိနိုင်ရုံမျှသာ ဖွင့်ခွင့်ပြုခြင်း၊

(ဂဂ) ခွင့်ပြုသည့်ကိစ္စမှတစ်ပါး အခြားကိစ္စများအတွက် အသုံးမပြုရန် ကြီးကြပ်ခြင်း၊

(ဃဃ) တာဝန်ရှိသူက လိုအပ်၍ခွင့်ပြုချက်ရပ်စဲခြင်းကို လိုက်နာဆောင်ရွက်စေရန်ကြီးကြပ်ခြင်း။

(၃) လိုအပ်ပါက သက်ဆိုင်ရာရဲတပ်ဖွဲ့၏ သဘောထား မှတ်ချက်ကို ရယူခြင်း၊

(၄) သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းက အသံချဲ့စက်ဖွင့်ရန် သတ်မှတ်ထားသော စည်းမျဥ်း စည်းကမ်းများ၊ ညွှန်ကြားချက်များနှင့်အညီ ဆောင်ရွက်စေခြင်း။

(ဃ) ဘီလီယက်ခုံ သို့မဟုတ် ဘီလီယက်ခုံကဲ့သို့သော အများပြည်သူ ဖျော်ဖြေမှုလုပ်ငန်းများ ခွင့်ပြုခြင်းနှင့်စပ်လျဥ်း၍-

(၁) ဘီလီယက်ခုံ သို့မဟုတ် ဘီလီယက်ခုံကဲ့သို့သော အများပြည်သူ ဖျော်ဖြေမှု လုပ်ငန်းများဖြစ်သော ဇယ်တောက်ခုံ၊တိုင်ထောင်ခုံ၊ TV Games ဆိုင်များ ၊ Internet Café ဆိုင်များ တည်ထောင်လိုသူ သို့မဟုတ် အဖွဲ့အစည်းက အောက်ပါ အချက် အလက်များကို ပြည့်စုံစွာဖော်ပြ၍ လျှောက်ထားသည့်အခါ

မိမိ၏ သဘောထားမှတ်ချက်နှင့်အတူ မြို့နယ်အုပ်ချုပ်ရေးမှူးမှတစ်ဆင့် သက်ဆိုင်ရာ ခရိုင်အုပ်ချုပ်ရေးမှူးထံ တင်ပြခြင်း-

(ကက)လျှောက်ထားသူအမည်၊နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်နှင့်နေရပ်လိပ်စာ၊

(ခခ) လျှောက်ထားသည့် ဘိလိယက်ခုံ အရွယ်အစားနှင့် ခုံအရေအတွက်၊ ဘိလိယက်ခုံတည်ရာနေရာ သို့မဟုတ် ဘိလိယက်ခုံကဲ့သို့သော အများပြည်သူဖျော်ဖြေမှု လုပ်ငန်းဖြစ်လျှင် လုပ်ကိုင်မည့် လုပ်ငန်းအမျိုးအစား၊ အရေအတွက်နှင့် တည်နေရာ၊

(ဂဂ) ပတ်ဝန်းကျင်နေအိမ်များ၏ ထောက်ခံချက်၊

(ဃဃ)ပြစ်မှုကင်းရှင်းကြောင်း သက်ဆိုင်ရာရဲစခန်း၏ထောက်ခံချက်၊

(ငင) လုပ်ငန်းအမျိုးအစားပေါ် မူတည်၍ သက်ဆိုင်ရာဌာနများ၏ ထောက်ခံချက်၊

(စစ) သတ်မှတ်သည့်စည်းမျဉ်းစည်းကမ်းများကို လိုက်နာမည်ဖြစ်ကြောင်း ဝန်ခံ ကတိပြုလွှာ။

(၂) လုပ်ငန်းတည်ထောင် ခွင့်ပြုမိန့် မရှိဘဲ တည်ထောင်ခြင်းကို တားမြစ်ခြင်းနှင့် အရေးယူရန် အကြောင်း ကြားခြင်း၊

(၃) ခွင့်ပြုမိန့်ရရှိသော လုပ်ငန်းတည်ထောင်သူက သတ်မှတ်စည်းကမ်းချက်များကို လိုက်နာဆောင်ရွက်ရန်ပျက်ကွက်ပါက သတိပေးခြင်းနှင့် သက်ဆိုင်ရာသို့ အကြောင်း ကြားခြင်း။

၁၅။ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးသည် ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အတွင်း ပြစ်မှုကြိုတင်ကာကွယ်ရေးနှင့် စပ်လျဉ်း၍ -

(က) အများပြည်သူဆိုင်ရာနေရာတွင် လောင်းကစားခြင်းနှင့်သက်ဆိုင်သည့်အောက်ပါ ပုဂ္ဂိုလ်များကို ဖမ်းဆီးခြင်း၊ ဖမ်းဆီးစေရန် ညွှန်ကြားခြင်းနှင့် ဖမ်းဆီးထားသူများအား အရေးယူရန် သက်ဆိုင်ရာသို့ အကြောင်းကြားခြင်းများ ပြုနိုင်သည် -

(၁) လောင်းကစားခြင်းပြုလုပ်ရန် လောင်းကြေးတောင်းခံစုဆောင်းသူ၊

(၂) လောင်းကစားသူ၊ လောင်းကစားရန်အားပေးသူ၊ တိရစ္ဆာန်ချင်းတိုက်သူ တိရစ္ဆာန်ချင်း တိုက်ရာတွင် ရောက်ရှိပြီး အားပေးကူညီသူ၊ လောင်းကစားရန် လှူစုသူ သို့မဟုတ် လှုံ့ဆော်သူ၊

(၃) မည်သည့် အားကစားပွဲ သို့မဟုတ် လေ့ကျင့်ပွဲတစ်ခုခု၌မဆို လောင်းကစားသူ၊ လောင်းကစားရန် တစ်နည်းနည်းဖြင့် အားပေးကူညီသူ၊လောင်းကစားရန် လှူစုသူ သို့မဟုတ် လှုံ့ဆော်သူ။

(ခ) လောင်းကစားအိမ်တွင် လောင်းကစားပြုလုပ်နေကြောင်း ယုံကြည်လောက်သော သတင်းရလျှင် သို့မဟုတ် ယုံကြည်ရန်အခြားလုံလောက်သောအကြောင်းရှိလျှင် ထိုသတင်း သို့မဟုတ် အကြောင်းအချက်များကို ယုံကြည်ချက်မှတ်တမ်းရေးသားပြီး လောင်းကစားအိမ်သို့ သက်သေများနှင့်အတူ ကိုယ်တိုင်ဝင်ရောက် ဖမ်းဆီး၍ လောင်းကစားသူများကို သက်သေခံပစ္စည်းများ၊ယုံကြည်ချက်မှတ်တမ်းများနှင့်တစ်ပါတည်း သက်ဆိုင်ရာ ရဲတပ်ဖွဲ့စခန်းသို့ အမြန်ဆုံးအပ်နှံခြင်းဖြစ်စေ၊ ဒုတိယရဲအုပ်အဆင့် အောက် မနိမ့်သော ရဲအရာရှိ တစ်ဦးဦးကို ဝရမ်းထုတ်ပေးပြီး လောင်းကစားအိမ်သို့ ဝင်ရောက်ဖမ်းဆီးစေခြင်း ဖြစ်စေ ဆောင်ရွက်ခွင့်ရှိသည်။

(ဂ) ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအတွင်း ခွင့်ပြုချက်မရှိဘဲ ထန်းရည်၊ ခနိရည်၊ အရက် ရောင်းချခြင်းတို့ကိုလည်းကောင်း၊ အရက်နှင့် ယစ်မျိုးအက်ဥပဒေအရ တားမြစ်ထားသည့် ယစ်မျိုးဝင်ပစ္စည်းများကို တရားမဝင်ချက်လုပ်ခြင်း၊ထုတ်လုပ်ခြင်း၊ သိုလှောင်ခြင်း၊ရောင်းချခြင်း၊ဖြန့်ဖြူးခြင်းနှင့်သယ်ယူပို့ဆောင်ခြင်းတို့ကိုလည်းကောင်း တားမြစ်ခြင်းနှင့် သက်ဆိုင်ရာသို့ အကြောင်းကြားခြင်းတို့ကို ဆောင်ရွက်ရမည်။

(ဃ) ကျိုးကြောင်းခိုင်လုံစွာမပြနိုင်ဘဲ ရုပ်ဖျက်ထားသူ၊ မျက်နှာဖုံးစွပ်ထားသူတို့ကို လည်းကောင်း၊ နေဝင်နှင့်နေထွက်အကြား အိမ်ဥပစာ၊ နောက်ဖေးလမ်းကြား၊ အဆောက်အအုံပျက်များ၊ ဇရပ်များ၊ ယာဉ်ပျက်များနှင့် အမှောင်ရိပ်များတွင် ပုန်းလျှိုး သွားလာလေ့ရှိပြီး ကျိုးကြောင်းခိုင်လုံစွာ ရှင်းလင်းပြောပြနိုင်ခြင်း မရှိသူများအား လည်းကောင်း ဖမ်းဆီးခြင်း၊ သက်ဆိုင်ရာသို့ အပ်နှံခြင်း ဆောင်ရွက်ရမည်။

၁၆။ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးသည် ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အတွင်းလမ်းများနှင့်အများပြည်သူဆိုင်ရာနေရာများတွင်အောက်ပါ အများပြည်သူအားနှောင့်ယှက်မှု များနှင့် စပ်လျဉ်း၍ တားဆီးခြင်း၊ သက်ဆိုင်ရာသို့အကြောင်းကြားခြင်းများ ဆောင်ရွက်ရမည်-

(က) ကျွဲ၊ နွား၊ မြင်း စသည့်တိရစ္ဆာန်များ၊ ယာဉ်များကို စည်းကမ်းမဲ့စီးခြင်း၊ မောင်းနှင်ခြင်း၊

(ခ ) တိရစ္ဆာန်များကို နှိပ်စက်ညှဉ်းပန်းခြင်း၊ခွင့်ပြုချက်မရရှိဘဲသတ်ဖြတ်ခြင်း၊ရောင်းချခြင်း၊

(ဂ) အချိန်ကြာမြင့်စွာ တိရစ္ဆာန်နှင့် ယာဉ်များကို လိုအပ်သည်ထက် ရပ်ထားခြင်း၊

(ဃ) အုတ်၊သဲ၊ကျောက်စသည်များကိုစုပုံထားခြင်း၊နွားတဲ၊မြင်းဇောင်း၊ ကားဂိုဒေါင်ဆောက်လုပ်ခြင်း၊

(င ) ကုန်ပစ္စည်းများရောင်းချခြင်း၊ စုပုံထားခြင်း၊ အတင်အချပြုလုပ်ခြင်း၊ စည်းကမ်းမဲ့ထားခြင်း၊

(စ ) အညစ်အကြေး အမှိုက်သရိုက်များစည်းကမ်းမဲ့စွန့်ပစ်ခြင်း၊

(ဆ) စက်ရုံ၊အလုပ်ရုံ၊အိမ်စသည်များမှ ထွက်ရှိသောအန္တရာယ်ဖြစ်စေသည့် အညစ်အကြေးများကို ညွှန်ကြားချက်နှင့်အညီ မထိန်းသိမ်းခြင်း၊

(ဇ) ရေတွင်း၊ ရေကန်များ၊ ချိုင့်၊ ကျင်းစသည်တို့ကို ဖုံးအုပ်ခြင်း၊ ကာရံခြင်း မပြုဘဲထားခြင်း၊

(ဈ) သတ်မှတ်ပေးထားသည့် နေရာမဟုတ်ဘဲ လူ၊ တိရစ္ဆာန်များ၊ ယာဉ်များ၊ ရေချိုးခြင်း၊ ရေချခြင်း၊ ရေဆေးခြင်း၊

(ည) စွန်လွှတ်ခြင်း၊ ဘောလုံးကန်ခြင်း၊ အခြားနည်းကစားခြင်း၊ တီးမှုတ်ကခုန်ခြင်း။

၁၇။ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးသည် ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အတွင်း အောက်ဖော်ပြပါ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာသို့ သတင်းပေးပို့ရမည် -

(က) နိုင်ငံခြားသားများ ဝင်ထွက် သွားလာခြင်း၊

(ခ) နိုင်ငံခြားသားများ ဝင်ရောက်တည်းခိုနေထိုင်ခြင်း၊

(ဂ) နိုင်ငံခြားသားများ၏ ထူးခြားဖြစ်စဉ်များ ဖြစ်ပွားခြင်း။

၁၈။ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးသည် ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အတွင်း အများပြည်သူ၏ လုံခြုံရေးနှင့် တရားဥပဒေစိုးမိုးရေးကို ပျက်ပြားစေသည့် ခိုက်ရန်ဖြစ်ပွားမှု၊ သတ်ပုတ်နှောင့်ယှက်မှု၊ ဥပဒေနှင့်မညီသော သို့မဟုတ် ဥပဒေနှင့် ဆန့်ကျင်မှုများ မိမိရှေ့တွင် ကျူးလွန်ကြောင်း တွေ့ရှိပါက တားဆီးခြင်း၊ ဖမ်းဆီးခြင်းနှင့် သက်ဆိုင်ရာ ရဲစခန်းသို့ လွှဲအပ်ခြင်းပြုရမည်။

၁၉။ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးသည် ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အတွင်း အများပြည်သူ ကျန်းမာရေး၊ ရောဂါကြိုတင် ကာကွယ်ရေး၊ သန့်ရှင်းရေးနှင့် မီးဘေးဆိုင်ရာ လုံခြုံရေးတို့အတွက် အောက်ပါအတိုင်း ဆောင်ရွက်ရမည်-

(က) ပြည်သူ့ကျန်းမာရေးနှင့်စပ်လျဉ်း၍ -

(၁) အိမ်၊အိမ်ဝင်း၊ ခြံ၊ လမ်းများ သန့်ရှင်းစွာ ထားရှိစေခြင်း၊

(၂) လူသေများကို သတ်မှတ်ထားသော သင်္ချိုင်းတွင်သာ စနစ်တကျ သင်္ဂြိုဟ်စေခြင်း၊

(၃) အိမ်သာများကို ကျန်းမာရေးဌာန၏ ညွှန်ကြားချက် နှင့်အညီ ထားရှိစေခြင်း၊

(၄) အများပြည်သူ သောက်သုံးရန် ရေတွင်း သို့မဟုတ် ရေကန်များ၊ စက်ရေတွင်း၊ လက်ရိုက်တွင်းများ မပျက်စီးအောင် ကာရံထားစေခြင်း၊ ယင်းတို့ အနီး ပတ်ဝန်းကျင် သတ်မှတ်ထားသော နေရာ၌ အဝတ်လျှော်ခြင်း၊ ရေချိုးခြင်း၊ တိရစ္ဆာန်များရေချခြင်း၊ ကား၊ ယာဉ်များ ဆေးကြောခြင်း၊ အဝတ်လှန်းခြင်း၊ အညစ်အကြေး စွန့်ပစ်ခြင်းတို့ မပြုရန်တားမြစ်ခြင်း၊

(၅) ဈေး၊ ကျောင်းများတွင် လတ်ဆတ်သော ကျန်းမာရေးနှင့် ညီညွတ်သည့် အစားအသောက်များ၊ သားငါးများရောင်းချစေခြင်း၊ယင်းတို့ကို ဖုံးအုပ်စေခြင်းနှင့် သန့်ရှင်း သော သောက်သုံးရေများ ထားရှိ စေခြင်း၊

(၆) ကူးစက်ရောဂါရှိသူများက ရေနှင့် အစားအသောက်များ ရောင်းချခြင်းကိုသော်လည်းကောင်း၊ ရေတွင်းရေကန်များတွင် ရေခပ်ခြင်း၊ ရေချိုးခြင်းတို့ကိုသော်လည်းကောင်း မပြုရန် တားမြစ်ခြင်း၊ ကြီးကြပ်ခြင်း၊

(၇) ကူးစက်ရောဂါဖြင့် သေဆုံးသည့်အခါ သက်ဆိုင်ရာကျန်းမာရေးဌာန၏ အတည်ပြု ချက်ဖြင့် ချက်ချင်း သင်္ဂြိုဟ်စေခြင်း၊ ကူးစက်ရောဂါဖြစ်ပွားသော အိမ်ကို လည်းကောင်း၊ ကူးစက်ရောဂါ ဖြစ်ပွားသောရွာကို လည်းကောင်း ကူးလူးဆက်ဆံခြင်း မပြုရန် တားမြစ်ခြင်း၊

(၈) ကူးစက်ရောဂါ ဖြစ်ပွားကြောင်း တွေ့ရှိပါက ကျန်းမာရေးဌာနသို့ အကူအညီ တောင်းခံခြင်း၊

(၉) ကျန်းမာရေးအထောက်အကူပြုရန်နှင့် ရှေးဦးသူနာပြုစုရေးအတွက် ကြက်ခြေနီ အရန်တပ်ဖွဲ့များ ဖွဲ့စည်းရန် ဆောင်ရွက်ခြင်း၊

(၁၀) ကျန်းမာရေးဌာနမှ ချမှတ်သော ကျန်းမာရေးစီမံကိန်းများ အောင်မြင်ရေး အတွက် ပူးပေါင်းဆောင်ရွက်ခြင်း။

(ခ) သန့်ရှင်းရေးနှင့်စပ်လျဉ်း၍ -

(၁) ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအတွင်း ရွာချင်းဆက်လမ်းများ၊ မြို့နှင့် ဆက်သွယ်သောလမ်းများ သန့်ရှင်းစွာ ရှိစေရန် ဆောင်ရွက်ခြင်းနှင့် ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအတွင်း လမ်းများ၊ ရေမြောင်းများ ရေမဝပ်စေရန်၊ ရေစီး ရေလာကောင်းမွန်စေရန် စည်ပင်သာယာရေးအဖွဲ့၏ အကူအညီဖြင့် ဆောင်ရွက် စေခြင်း၊

(၂) ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအတွင်း သတ်မှတ်ထားသောနေရာတွင်သာ အမှိုက်သရိုက်များ၊ ကောက်ရိုးစများ၊ ခနိ၊ ထရံအပျက်များ စွန့်ပစ်စေခြင်း၊ စုပုံမီးရှို့စေခြင်း နှင့် ထွန်စာကျွေးစေခြင်း ၊

(၃) အိမ်များ ဆောက်လုပ်ရာတွင် သက်ဆိုင်ရာဌာနက သတ်မှတ်ထားသည့် အကွာ အဝေးနှင့်လမ်းကြားများအတိုင်း ဆောက်လုပ်ရန် ညွှန်ကြားခြင်း၊

(၄) အိမ်မွေးတိရစ္ဆာန်များနှင့် ကြက်၊ဝက်၊ ဘဲ၊ ဆိတ်၊ နွား အစရှိသည့် တိရစ္ဆာန်များ မွေးမြူရာတွင် အများပြည်သူ အနှောင့်အယှက် မဖြစ်စေရန် ကြီးကြပ်ခြင်း၊

(၅) စားသုံးရန်မသင့်ဟု တိရစ္ဆာန်ဆေးကုဆရာဝန်မှ တားမြစ်သော အသားများကို ဈေးများတွင် ရောင်းချခြင်းမပြုရန် ညွှန်ကြားခြင်း၊ ယင်းအသားများကို ဖျက်ဆီးရာတွင် ကြီးကြပ်ခြင်း၊

(၆) ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအတွင်း အရိပ်ရပင်များ စိုက်ပျိုးခြင်း၊ အိမ်နှင့် ဝင်းခြံများတွင် ပန်းအလှပင်များ စိုက်ပျိုးခြင်း၊ ပန်းဥယျာဉ်နှင့် ကလေးကစားကွင်းများကို စည်ပင်သာယာရေးအဖွဲ့၏ အကူအညီဖြင့် ပြုလုပ်ပေးခြင်း၊

(၇) မြို့နယ်သာယာလှပရေးစီမံချက်နှင့် စည်ပင်သာယာရေးအဖွဲ့၏ မြို့၊ ရပ်ကွက်၊ ကျေးရွာသန့်ရှင်းသာယာလှပရေးစီမံချက်များတွင် ပူးပေါင်းဆောင်ရွက်ခြင်း။

(ဂ ) မီးဘေး၊ ရေဘေးအန္တရာယ် တားဆီးရေးနှင့်စပ်လျဉ်း၍ -

(၁) ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု မီးဘေး၊ ရေဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး စီမံချက်များ ချမှတ်ခြင်း၊

(၂) အရန်မီးသတ်တပ်ဖွဲ့ ဖွဲ့စည်းထားရှိခြင်း၊

(၃) မီးဘေးကြိုတင် ကာကွယ်ရေးအတွက် အိမ်တိုင်းတွင် မီးချိတ်၊ မီးကပ်၊သဲပုံး၊ ရေပုံးများ ထားရှိစေခြင်း၊ အိမ်ရှိရေတိုင်ကီ၊ ရေအိုးများ ရေဖြည့်ထားစေခြင်း၊

(၄) ရေဘေးအန္တရာယ်ကို ကြိုတင်ကာကွယ်ရန် သဲအိတ်၊ ကျောက်အိတ်များ၊ ပေါက်ပြား၊ တူးရွင်း၊ ဂေါ်ပြားများ စုဆောင်းထားစေခြင်း၊

(၅) ရာသီအလိုက် မီးမွှေးချက်ပြုတ်ခြင်းကို အချိန်ကန့်သတ်ပေးခြင်း၊ နွေရာသီတွင် မြေကျင်းတူး၍ မီးမွှေးချက်ပြုတ်သည့် အလေ့အကျင့် ဖြစ်စေရန် ညွှန်ကြားခြင်း၊ ကြီးကြပ်ခြင်း၊

(၆) ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအတွင်း အမှိုက်လောင်စာများ မထားရန် ညွှန်ကြားခြင်း၊ ကြီးကြပ်ခြင်း၊

(၇) ကျေးရွာများနှင့်ဆက်စပ်သော သစ်တောကြိုးဝိုင်း၊ ကာကွယ်တော၊ သစ်တောစိုက်ခင်း၊ ကျေးရွာပိုင်သစ်တောများ မီးလောင်ကျွမ်းပါက ငြိမ်းသတ်စေခြင်း၊ သက်ဆိုင်ရာ သစ်တောဌာနသို့ အမြန်ဆုံး သတင်းပို့ခြင်း၊

(စ) မြို့နယ်အုပ်ချုပ်ရေးမှူးရုံးနှင့် မြို့နယ်မီးသတ်ဦးစီးဌာန၏ မီးဘေးအန္တရာယ် ကာကွယ်ရေး စီမံချက်များ အောင်မြင်ရေးအတွက် ပူးပေါင်းဆောင်ရွက်ခြင်း။

၂၀။ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးသည် ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အတွင်း ဖွားသေမှတ်ပုံတင်စာရင်းနှင့် အိမ်ထောင်စုစာရင်းများနှင့်စပ်လျဉ်း၍ အောက်ပါအတိုင်း ဆောင်ရွက်ရမည် -

(က) မွေးဖွားခြင်း သို့မဟုတ် သေဆုံးခြင်းတို့နှင့်စပ်လျဉ်း၍ အိမ်ရှင်ကဖြစ်စေ၊ ယင်းအိမ်တွင် နေထိုင်သော အရွယ်ရောက်သူ တစ်ဦးဦးကဖြစ်စေ မွေးဖွားသည့် သို့မဟုတ် သေဆုံး သည့်နေ့ရက်မှ သုံးရက်အတွင်း တိုင်ကြားရန် ညွှန်ကြားခြင်းနှင့် ကြီးကြပ်ခြင်း၊

(ခ ) မွေးဖွားကြောင်း လာရောက်တိုင်တန်းလျှင် မှတ်ပုံတင်စာအုပ်တွင် ရေးသွင်းထားပြီး သက်ဆိုင်ရာကျန်းမာရေးဌာနသို့ အကြောင်းကြားခြင်း၊

(ဂ ) သေဆုံးကြောင်း တိုင်တန်းချက် ရရှိလျှင် မှတ်ပုံတင်စာအုပ်တွင် ရေးသွင်းထားပြီး သက်ဆိုင်ရာကျန်းမာရေးဌာနသို့ အကြောင်းကြားခြင်း၊

(ဃ) ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအတွင်းမှ အခြားဒေသသို့ ပြောင်းရွှေ့ထွက်ခွာ လျှင်သော်လည်းကောင်း၊ အခြားဒေသမှ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အတွင်းသို့ ပြောင်းရွှေ့ရောက်ရှိလျှင်သော်လည်းကောင်း လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသား မှတ်ပုံတင်ရေးဦးစီးဌာနက ထုတ်ပေးသော ထောက်ခံစာနှင့် အတူလူဦးရေ ပြောင်းရွှေ့ခြင်း၊ ရောက်ရှိခြင်း စာရင်းကို ပေးပို့ရန် ညွှန်ကြားခြင်း၊ ကြီးကြပ်ခြင်း။

၂၁။ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးသည် ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အတွင်း လူနှင့်တိရစ္ဆာန်များ ကူးစက်ရောဂါဖြစ်ပွားခြင်းနှင့် စပ်လျဉ်း၍ အောက်ပါအတိုင်း ဆောင်ရွက်ရမည်-

(က) သက်ဆိုင်ရာ ကျန်းမာရေးဌာနနှင့် တိရစ္ဆာန်ဆေးကုဌာနသို့ ချက်ချင်းအကြောင်း ကြားခြင်း၊

(ခ) ရောဂါဖြစ်ပွားသော တိရစ္ဆာန်များကို သတ်မှတ်ထားသော သီးသန့်နေရာ၌ ထားရှိ စေခြင်း၊ တိရစ္ဆာန်ဆေးကုဌာနနှင့် အုပ်ချုပ်ရေးဆိုင်ရာတာဝန်ရှိသူတို့က ကူးစက်

ရောဂါဖြစ်ပွားကြောင်း အတည်ပြုလျှင် ပတ်ဝန်းကျင်ကျေးရွာအနှံ့အပြားသို့ ကြေညာခြင်း၊ ဒေသခံများအား လိုက်နာသင့်သည်တို့ကို ညွှန်ကြားခြင်းနှင့် ကြီးကြပ်ခြင်း၊

(ဂ) ကူးစက်ရောဂါဖြင့် သေဆုံးသည့် တိရစ္ဆာန်များ၏ အသားများကို စားသုံးခြင်း၊ ရောင်းချခြင်း မပြုရန် တားမြစ်ခြင်းနှင့် မီးရှို့ဖျက်ဆီးစေခြင်း၊

(ဃ) တိရစ္ဆာန်များ ကူးစက်ရောဂါဖြစ်ပွားပါက လူများသို့ မကူးစက်စေရေးအတွက် ကျန်းမာရေး ဌာန၏ အကူအညီကိုရယူခြင်း၊ လူနှင့်တိရစ္ဆာန်ခွဲခြား၍ နေထိုင်ရန်စီစဉ်ဆောင်ရွက်ခြင်း၊

(င) အိမ်မွေးတိရစ္ဆာန်များအပါအဝင်ကျွဲ၊နွားစသည့် တိရစ္ဆာန်များစနစ်တကျမွေးမြူခြင်း၊ လွှတ်ကျောင်းခြင်းတို့နှင့် စပ်လျဉ်း၍ စည်းကမ်းသတ်မှတ်ခြင်းနှင့် ကြီးကြပ်ခြင်း၊

(စ) သက်ဆိုင်ရာက ထုတ်ပေးသော ကျွဲ၊ နွား သတ်ဖြတ်ခွင့်မရရှိဘဲဖြစ်စေ၊ စည်းကမ်းချက်နှင့် မညီညွတ်ဘဲဖြစ်စေ ကျွဲ၊နွားသတ်ဖြတ်ခြင်းမပြုရန်တားမြစ်ခြင်း၊

(ဆ) ခွင့်ပြုချက်ရရှိထားသည့် သားသတ်ရုံမှထွက်ရှိသည့် အသားမှအပ ရပ်ကွက်သို့မဟုတ် ကျေးရွာ အုပ်စုနယ်နိမိတ်အတွင်း မည်သည့်အသားကိုမျှ ရောင်းချခြင်း မပြုရန် တားမြစ်ခြင်း၊

(ဇ) ကျွဲ၊ နွား သတ်ဖြတ်ခွင့်ရှိသူသည် သက်ဆိုင်ရာက ခွင့်ပြုထားသည့် ကျွဲ၊ နွား မှတစ်ပါး အခြား ကျွဲ၊ နွားများ လက်ဝယ်ထားရှိခြင်းနှင့် မြို့နယ်ကျော် သယ်ယူခြင်းကို တားမြစ်ခြင်း။

၂၂။ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးသည် ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအတွင်း နိုင်ငံတော်နှင့်အစိုးရဌာန၊အစိုးရအဖွဲ့အစည်းများပိုင်ဆိုင်သော မြေနှင့်စပ်လျဉ်း၍အောက်ပါအတိုင်း ဆောင်ရွက်ရမည်-

(က) နိုင်ငံပိုင်မြေ၊ အစိုးရဌာနပိုင်မြေ၊ မြို့မြေ၊ ကျေးရွာမြေ၊ လယ်ယာမြေ၊ လမ်းမြေ၊ မြေနုကျွန်း၊ သစ်တောမြေ၊ ကျေးရွာပိုင် သစ်တောနှင့် စိုက်ခင်းမြေ၊ စားကျက်မြေ၊ ကျေးရွာဘုံမြေ၊ သုသာန်မြေများအတွင်း သက်ဆိုင်ရာ၏ ခွင့်ပြုချက်မရှိဘဲ ကျူးကျော်ဝင်ရောက်နေထိုင်ခြင်း၊ ထွန်ယက်စိုက်ပျိုးခြင်း၊ အဆောက်အအုံ ဆောက်လုပ်ခြင်း၊

သစ်ပင်များခုတ်လှဲခြင်း၊ စိုက်ပျိုးထားသောအပင်များ၊ မြက်များ ရိတ်သိမ်းခြင်းမပြုရန် တားမြစ်ခြင်း၊

(ခ) နည်းဥပဒေခွဲ (က)ပါ မြေနှင့် ဥပစာအတွင်းရှိ ပစ္စည်းများ၊ အဆောက်အအုံများအား ဖျက်ဆီးခြင်းမပြုရန် တားမြစ်ခြင်း၊

(ဂ) အစိုးရ၏ခွင့်ပြုချက်မရှိဘဲ ရပ်ကွက် သို့မဟုတ် ကျေးရွာအသစ် ဖွဲ့စည်းခြင်း၊ အိမ်စုအသစ်၊ နေအိမ်အသစ် ဆောက်လုပ်ခြင်းတို့ကို မပြုရန်တားမြစ်ခြင်း။

၂၃။ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးသည် ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အတွင်း ဆည်မြောင်း၊ တာတမံဆိုင်ရာ လုပ်ငန်းများနှင့်စပ်လျဉ်း၍ အောက်ပါအတိုင်း ဆောင်ရွက်ရမည်-

(က) နိုင်ငံတော်က တည်ဆောက်ထားသော ဆည်မြောင်း၊ တာတမံများနှင့် မြစ်ချောင်းများကို ထိန်းသိမ်းစောင့်ရှောက်ခြင်းနှင့် ပျက်စီးမှုများ တွေ့ရှိပါက သက်ဆိုင်ရာသို့ အရေးယူရန် အကြောင်းကြားခြင်း၊

(ခ) ခွင့်ပြုချက်မရှိဘဲ ဆည်မြောင်း၊ တာတမံပေါ်တွင် ကျွဲ၊ နွား တိရစ္ဆာန်များ လွှတ်ကျောင်းခြင်းကိုလည်းကောင်း၊ လှည်း၊ ယာဉ်များ မောင်းနှင်ခြင်းကိုလည်းကောင်း မပြုရန် တားမြစ်ခြင်း၊

(ဂ) ဆည်မြောင်း၊ တာတမံဘောင်ပေါ်ရှိ သစ်ပင်များ၊မြက်များကို ခွင့်ပြုချက်မရှိဘဲ ခုတ်လှဲခြင်း၊ ရိတ်သိမ်းခြင်းတို့ကို မပြုရန်တားမြစ်ခြင်း၊

(ဃ) ဆည်မြောင်း၊ တာတမံ၊ မြစ်ချောင်းနှင့် ဆက်စပ်သော ရေမြောင်း၊ ရေစီးရေလာများကို ခွင့်ပြုချက်မရှိဘဲ ပိတ်ဆို့ခြင်း၊ ညစ်ညမ်းအောင်ပြုခြင်း၊ အကျိုးမဲ့စီးဆင်းစေခြင်း၊ လွှဲပြောင်းရယူအသုံးပြုခြင်း၊ ရေတံခါးကို နှောင့်ယှက်ခြင်း၊ ဖျက်ဆီးခြင်းတို့ကို မပြုရန် တားမြစ်ခြင်း၊

(င) လယ်ကြားမြောင်းမှ ရေကို စနစ်တကျသုံးစွဲရေးအတွက် ကြီးကြပ်ခြင်း၊ လယ်ကြားမြောင်းမှ ရေကိုလည်းကောင်း၊ တူးမြောင်းများမှ ရေကိုလည်းကောင်း ခွင့်ပြုချက်မရှိဘဲ အကျိုးမဲ့ စီးဆင်းစေခြင်းတို့ကို မပြုလုပ်ရန် တားမြစ်ခြင်း၊

(စ ) ရေဆိုးထုတ်မြောင်းများ ပိတ်ဆို့စေခြင်း၊ ဖျက်ဆီးခြင်း၊ ပြောင်းလဲခြင်း၊ ပြင်ဆင်ချဲ့ထွင်ခြင်း တိုကို့ မပြုလုပ်ရန် တားမြစ်ခြင်း၊

(ဆ) ရေတွင်းများ၊ ရေလျှံတွင်းများ၊ ရေကန်များ၊ စက်ရေတွင်းများ၊ လက်ရိုက်တွင်းတိမ်များ၊ စိမ့်စမ်း ရေထွက်များကို သက်ဆိုင်ရာ ဌာနများ၏ညွှန်ကြားချက်နှင့်အညီ အသုံးပြုရန် ကြီးကြပ် ခြင်း၊ ထိန်းသိမ်းခြင်း။

၂၄။ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးသည် ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အတွင်းမြေတိုင်းမှတ်တိုင်နှင့် နယ်ခြားကျောက်တိုင်များနှင့်စပ်လျဉ်း၍အောက်ပါအတိုင်းဆောင်ရွက် ရမည်-

(က) ရပ်ကွက် တစ်ခုနှင့်တစ်ခု သို့မဟုတ် ကျေးရွာအုပ်စု တစ်ခုနှင့်တစ်ခု နယ်နိမိတ် ပိုင်းခြားထားသော မြေတိုင်းမှတ်တိုင်များနှင့် နယ်နိမိတ်မှတ်တိုင်များကို အနည်းဆုံး တစ်နှစ်တစ်ကြိမ် စစ်ဆေးကြည့်ရှုခြင်း၊ စစ်ဆေးတွေ့ရှိချက်ကို မြို့နယ်အုပ်ချုပ်ရေးမှူး ထံ တင်ပြခြင်း၊

(ခ ) အိမ်နီးချင်းနိုင်ငံများ၏ နယ်နိမိတ်တစ်လျှောက်ရှိ ကျောက်တိုင်များကို သက်ဆိုင်ရာ၏ ကြိုတင်ခွင့်ပြုချက်ဖြင့်စစ်ဆေးခြင်း ထူးခြားမှုအခြေအနေများတွေ့ရှိပါက မြို့နယ် အုပ်ချုပ်ရေးမှူးထံ အစီရင်ခံတင်ပြခြင်း။

၂၅။ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးသည် ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အတွင်း လယ်ယာမြေများ အသုံးပြုခြင်းနှင့်စပ်လျဉ်း၍ တည်ဆဲလယ်ယာမြေ ဥပဒေများနှင့်အညီ အောက်ဖော်ပြပါ လယ်ယာမြေ စီမံခန့်ခွဲမှုများတွင် ပါဝင်ပူးပေါင်းဆောင်ရွက်ရမည်-

(က) လယ်ယာမြေဆိုင်ရာ လုပ်ပိုင်ခွင့်များ၊

(ခ) မြေနုကျွန်းဆိုင်ရာလုပ်ပိုင်ခွင့်များ၊

(ဂ) ကျွဲ၊ နွား စားကျက်မြေနှင့် ရွာဘုံမြေများထိန်းသိမ်းခြင်း၊

(ဃ) လယ်ယာမြေလုပ်ပိုင်ခွင့် အငြင်းပွားမှုများကို လက်ခံ၍ စစ်ဆေးခြင်း၊ အဆုံးအဖြတ် ပေးခြင်း၊

(င) ယာယီတဲမှအပ လယ်ယာမြေပေါ်တွင် သက်ဆိုင်ရာအာဏာပိုင်၏ ခွင့်ပြုမိန့်မရှိဘဲ အဆောက်အအုံများ ကျူးကျော်ဆောက်လုပ်ခြင်းကို တားမြစ်ခြင်း၊

(စ) လယ်ယာလုပ်ကိုင်နိုင်သောမြေလွတ်၊မြေလပ်နှင့်မြေရိုင်းများကို ကျူးကျော်ခြင်းမှ တားမြစ်ခြင်း၊ ထိန်းသိမ်းခြင်း၊

(ဆ) လယ်ယာမြေများနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာဌာနကချမှတ်ထားသော စည်းကမ်းများ လိုက်နာစေရန် ကြီးကြပ်ခြင်း၊

(ဇ) မြေခွန်နှင့်အစိုးရအခွန်**အခ**များ ကောက်ခံခြင်း။

၂၆။ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးသည် ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အတွင်း အင်းအိုင်များ၊ ငါးမွေးကန်များနှင့်စပ်လျဉ်း၍ အောက်ပါအတိုင်း ဆောင်ရွက်ရမည်-

(က) အစိုးရ အင်းအိုင်များ၊ ငါးမွေးကန်များကို ထိန်းသိမ်းကာကွယ်ခြင်း၊

(ခ) ခွင့်ပြုချက်မရှိဘဲ ကျူးကျော်၍ ငါး၊ ပုစွန်ဖမ်းဆီးသူများကို တားမြစ်ခြင်း၊

(ဂ) ခွင့်ပြုချက်မရှိဘဲ ငါးကန်၊ ပုစွန်ကန်တူးဖော်သူများကို တားမြစ်ခြင်း။

၂၇။ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးသည် ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အတွင်း မီးဘေး၊ ရေဘေး၊ လေဘေး၊ ငလျင်ဘေး စသည့် သဘာဝဘေးအန္တရာယ်များနှင့် စပ်လျဉ်း၍အောက်ပါအတိုင်း ဆောင်ရွက်ရမည် -

(က) ရာသီအလိုက် ဖြစ်ပေါ်တတ်သော သဘာဝဘေးအန္တရာယ် ကြိုတင် ကာကွယ်ရေး အတွက် စီမံဆောင်ရွက်ခြင်း၊ မိုးလေဝသဌာနမှ အခါအားလျော်စွာ ထုတ်ပြန်သော မိုးလေဝသသတင်းများကို ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအတွင်းနေ ပြည်သူများ သိရှိနိုင်ရန် ကြိုတင်အသိပေးခြင်းနှင့် လိုအပ်လျှင် ဘေးလွတ်ရာသို့ အချိန်မီ ပြောင်းရွှေ့နိုင်ရန် စီစဉ်ပေးခြင်း၊

(ခ) သဘာဝဘေးအန္တရာယ် တစ်ခုခု ကျရောက်ပါက မြို့နယ်အုပ်ချုပ်ရေးမှူးထံ ချက်ချင်း တင်ပြခြင်း၊

(ဂ) သဘာဝဘေးအန္တရာယ် ကျရောက်ခြင်းခံရသော လူဦးရေ၊ အိမ်ခြေနှင့် အိမ်ထောင်စု စာရင်းတို့ကို ပြုစု၍ မြို့နယ်အုပ်ချုပ်ရေးမှူးထံ တင်ပြခြင်း၊

(ဃ) သဘာဝဘေးအန္တရာယ်ကျရောက် ခြင်းခံရသူများအတွက် လတ်တလော ကယ်ဆယ်ရေးလုပ်ငန်းများ စီမံဆောင်ရွက်ပေးခြင်း၊

(င) သဘာဝဘေးအန္တရာယ် ကျရောက်ခံခြင်းရသူများအား ပြန်လည်နေရာချထားရေးအတွက် သက်ဆိုင်ရာမြို့နယ်အုပ်ချုပ်ရေးမှူးနှင့် ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဦးစီးဌာန၏ ညွှန်ကြားချက်များရယူ၍ ပြန်လည်နေရာချထားရန် စီစဉ်ဆောင်ရွက်ခြင်း၊

(စ) မီးဘေး၊ ရေဘေး၊ လေဘေးစသည့် သဘာဝဘေးအန္တရာယ်များ ကျရောက်၍ အများပြည်သူနှင့် ဒေသခံပြည်သူများ၏အကျိုးကို လတ်တလော ထိခိုက်စေနိုင်သော အရေးပေါ်အခြေအနေများ ပေါ်ပေါက်သည့်အခါ ဒေသခံပြည်သူများနှင့် ပူးပေါင်းဆောင်ရွက်သည့် လုပ်ငန်းတိုင်းသည် ယင်းတို့အတွက် အရေးကြီးပြီး တိုက်ရိုက်အကျိုးပြုသည့် လုပ်ငန်းဖြစ်ရမည့်အပြင် ဒေသခံ ပြည်သူများအပေါ် ကြီးလေးသော ဝန်ထုပ်ဝန်ပိုး မဖြစ်စေရေးအတွက် မြို့နယ်အုပ်ချုပ်ရေးမှူးမှတစ်ဆင့် ခရိုင်အုပ်ချုပ်ရေးမှူး၏ ခွင့်ပြုချက်ဖြင့် စီမံဆောင်ရွက်ခြင်း၊ယင်းသို့စီမံဆောင်ရွက်သည့်အခါ ပြည်သူလူထု၏မဖြစ်မနေ ပါဝင်ဆောင်ရွက်သောကာလသည် အရေးပေါ်အခြေအနေ၏ လိုအပ်ချက်ထက် မကျော်လွန်စေရခြင်း။

၂၈။ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးသည် ဥပဒေ အခန်း (၇) ပါ မိမိ၏ လုပ်ငန်းတာဝန်များ ထိရောက်အောင်မြင်စွာ ဆောင်ရွက်နိုင်ရေးအတွက် ရပ်ကွက်သို့မဟုတ် ကျေးရွာအလိုက် ဆယ်အိမ်စုမှူးများကို ခန့်ထားနိုင်ရန် ဥပဒေပုဒ်မ ၅ပါအရည်အချင်းနှင့် ကိုက်ညီသောပုဂ္ဂိုလ်များ၏အမည်စာရင်းနှင့်ကိုယ်ရေးအချက်အလက်များကိုပြုစု၍ မြို့နယ်အုပ်ချုပ်ရေးမှူးထံ တင်ပြနိုင်သည်။

၂၉။ မြို့နယ်အုပ်ချုပ်ရေးမှူးသည် နည်းဥပဒေ ၂၈ အရ တင်ပြသော အမည်စာရင်းနှင့် ကိုယ်ရေးအချက်အလက်များကိုစိစစ်ပြီး ငြင်းပယ်ရန် အကြောင်းမရှိပါက အတည်ပြု၍ ယင်းအတည်ပြုချက်ကို ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးထံပြန်လည် ပေးပို့ရမည်။

၃၀။ ရပ်ကွက်သို့မဟုတ်ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးသည် မြို့နယ်အုပ်ချုပ်ရေးမှူးက အတည်ပြုပြီးသော ဆယ်အိမ်စုမှူးများကို ခန့်ထား၍ လိုအပ်သလိုတာဝန်ပေးအပ်ခြင်းနှင့် ယင်းတို့၏ တာဝန်ဝတ္တရားများကို သတ်မှတ်ခြင်းပြုရမည်။ ယင်းဆောင်ရွက်ချက်ကို မြို့နယ်အုပ်ချုပ်ရေးမှူး ထံတင် ပြရမည်။

၃၁။ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးသည် ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အတွင်း အထွေထွေအုပ်ချုပ်ရေးလုပ်ငန်းများနှင့်စပ်လျဉ်း၍ အောက်ပါအတိုင်း ဆောင်ရွက်ရမည် -

(က) သက်ဆိုင်ရာဌာနများ၏ လုပ်ငန်းတာဝန်များကို ပေါင်းစပ်ညှိနှိုင်းပေးခြင်းနှင့် ပံ့ပိုး ကူညီခြင်း၊

(ခ) ဥပဒေပါ လုပ်ငန်းတာဝန်များပြင် သက်ဆိုင်ရာ မြို့နယ်အုပ်ချုပ်ရေးမှူးက ပေးအပ် သော လုပ်ငန်းတာဝန်များကို ဆောင်ရွက်ခြင်း၊

(ဂ) တည်ဆဲဥပဒေတစ်ရပ်ရပ်က ပေးအပ်သောအခြားလုပ်ငန်းတာဝန်များကို ဆောင်ရွက် ခြင်း။

## အခန်း (၅)

## နုတ်ထွက်ခွင့်ပြုခြင်း၊ တာဝန်မှ ယာယီရပ်ဆိုင်းခြင်း သို့မဟုတ် ရပ်စဲခြင်းနှင့် အစားထိုးခန့်အပ်ခြင်း

၃၂။ မြို့နယ်အုပ်ချုပ်ရေးမှူးသည် ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး တစ်ဦးဦးနှင့် ပတ်သက်၍ အောက်ပါအကြောင်းတစ်ရပ်ရပ် ပေါ်ပေါက်လျှင် လိုအပ်ပါက စုံစမ်းစစ်ဆေးမှုပြုပြီး ခရိုင်အုပ်ချုပ်ရေးမှူး၏ အတည်ပြုချက်ဖြင့် နုတ်ထွက်ခွင့်ပြုခြင်း၊ တာဝန်မှ ယာယီရပ်ဆိုင်းခြင်း သို့မဟုတ် ရပ်စဲခြင်း ပြုနိုင်သည်-

(က) တာဝန်မှ နုတ်ထွက်ခွင့်ပြုရန် တင်ပြချက်ကို လက်ခံရရှိခြင်း၊

(ခ) ဥပဒေအခန်း(၅)ပါ လိုက်နာစောင့်ထိန်းရမည့် ကျင့်ဝတ်တစ်ရပ်ရပ်ကို ဖောက်ဖျက်ခြင်း၊

(ဂ) တည်ဆဲဥပဒေတစ်ရပ်ရပ်အရ အရေးယူခံရခြင်း၊

(ဃ) အခြားအရပ်ဒေသ တစ်ခုခုသို့ အမြဲတမ်းပြောင်းရွှေ့ခြင်း၊

(င) ကွယ်လွန်ခြင်း၊

(စ) ဥပဒေ အခန်း (၃) တွင် ပြဋ္ဌာန်းထားသော ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး၏ အရည်အချင်း ပျက်ယွင်းခြင်း။

၃၃။ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးတစ်ဦးဦးအား နုတ်ထွက်ခွင့်ပြုခြင်း၊ တာဝန်မှ ယာယီရပ်ဆိုင်းခြင်း သို့မဟုတ် ရပ်စဲခြင်းပြုပါက-

(က) မြို့နယ်အုပ်ချုပ်ရေးမှူးသည် နုတ်ထွက်ခွင့်ပြုခြင်း သို့မဟုတ် တာဝန်မှ ရပ်စဲခြင်းကြောင့် လစ်လပ်သည့် ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး နေရာအတွက် ဥပဒေပုဒ်မ ၅၊ ၆ နှင့် ၇ တို့ပါ ပြဋ္ဌာန်းချက်နှင့်အညီ ဆောင်ရွက်၍ ရက်ပေါင်း ၃၀ အတွင်း အစားထိုးခန့်အပ် တာဝန်ပေးရမည်။

(ခ) အစားထိုးတာဝန်ပေးအပ်ခြင်းခံရသော ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး၏ သက်တမ်းကာလသည် နုတ်ထွက်ခွင့်ပြုခြင်း သို့မဟုတ် တာဝန်မှ ရပ်စဲခြင်းခံရသူ၏ ကျန်သက်တမ်းကာလအတွက်သာဖြစ်ရမည်။

## အခန်း (၆)

## ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအတွင်း နေထိုင်သူများ၏ တာဝန်ဝတ္တရားများ

၃၄။ (က) ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအတွင်း နေထိုင်သူများသည် အောက်ပါ ကိစ္စရပ်များကို ဆောင်ရွက်ရန် တာဝန်ရှိသည်-

(၁) မှုခင်းများနှင့်ဒုစရိုက်မှုများနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာသို့ သတင်းပေးပို့ခြင်း၊

(၂) တိရစ္ဆာန်များ စနစ်တကျမွေးမြူရန် သတ်မှတ်သည့် ညွှန်ကြားချက်ကို လိုက်နာခြင်း၊

(၃) မွေးဖွားခြင်း၊သေဆုံးခြင်းနှင့်အိမ်ထောင်စုပြောင်းရွှေ့ထွက်ခွာခြင်း၊ ပြောင်းရွှေ့ရောက်ရှိခြင်းတို့ကို သတင်းပို့ခြင်း။

(ခ) ရပ်ကွက်သို့မဟုတ် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးသည်နည်းဥပဒေခွဲ(က)ပါ တာဝန်ကို ဆောင်ရွက်ရန် ပျက်ကွက်သူအား သက်ဆိုင်ရာဌာနမှ အရေးယူဆောင်ရွက်ရန် မြို့နယ်အုပ်ချုပ်ရေးမှူးမှတစ်ဆင့် ပြည်စုံစွာတင်ပြရမည်။

၃၅။ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအတွင်း နေထိုင်သူသည် ဒေသခံပြည်သူများ၏ အကျိုးစီးပွားကို တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ ထိခိုက်နစ်နာစေရန် ပြုလုပ်ခြင်းမှ ရှောင်ကြဉ်ရမည်။ ပြုလုပ်ပါကရပ်ကွက်သို့မဟုတ်ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးသည် မြို့နယ်အုပ်ချုပ်ရေးမှူးထံ စာဖြင့်ပြည့်စုံစွာ ရေးသားတင်ပြရမည်။

၃၆။ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးသည် ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအတွင်း နေထိုင်သူတို့၏ တာဝန်များကို ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံးတွင် အများမြင်သာ သောနေရာ၌ ကပ်ထားခြင်း သို့မဟုတ် ကြေညာချက် ထုတ်ပြန်ခြင်းပြုရမည်။

## အခန်း (၇)

## ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအတွင်း နေထိုင်သူများ၏ အခွင့်အရေးများ

၃၇။ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးသည် ဥပဒေ အခန်း (၁၀) ပါ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအတွင်း နေထိုင်သူများ၏အခွင့်အရေးကို အောက်ပါအတိုင်း စီမံဆောင်ရွက်၍ ကာကွယ်စောင့်ရှောက်ပေးရမည် -

(က) လုံခြုံရေးနှင့်စပ်လျဉ်း၍-

(၁) ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအတွင်း နေထိုင်သူများ၏ နေအိမ်၊ ဥပစာ လုံခြုံရေးနှင့် ပစ္စည်းဥစ္စာလုံခြုံရေးတို့အတွက် ရွာတံခါး၊ ရွာစည်းရိုး၊ အိမ်ခြံစည်းရိုးများ ကာရံစေခြင်း၊

(၂) ရာသီအလိုက် ဖြစ်ပေါ်တတ်သော သဘာဝဘေး အန္တရာယ်ကြိုတင်ကာကွယ်ရေး အတွက် အစီအမံများ ဆောင်ရွက်ထားရှိစေခြင်း၊

(၃) ကာကွယ်ရေး အစီအမံများနှင့်အညီ သက်ဆိုင်ရာ လုံခြုံရေး အဖွဲ့များနှင့် ပူးပေါင်းဆောင်ရွက်ခြင်း။

(ခ ) ဘာသာ၊ သာသနာရေးနှင့်စပ်လျဉ်း၍-

(၁) နိုင်ငံတော်က အသိအမှတ်ပြုထားသော ဘာသာများအပြင် လူမျိုးစုအလိုက် ကိုးကွယ်သော ဘာသာများကို တတ်နိုင်သမျှ ကူညီစောင့်ရှောက်ခြင်း၊

(၂) ဘာသာရေး၊ လူမှုရေး၊ ယဉ်ကျေးမှုနှင့် ရိုးရာဓလေ့ဆိုင်ရာပွဲများ၊ အခမ်းအနားများကို ကျင်းပခွင့်ပြုခြင်း၊

(၃) ငြိမ်ဝပ်ပိပြားရေးကိုသော်လည်းကောင်း၊ပြည်သူ့ကိုယ်ကျင့်တရားကိုသော်လည်းကောင်း၊ ပြည်သူ့ကျန်းမာရေးကိုသော်လည်းကောင်း ထိခိုက်ပျက်ပြားစေခြင်းမရှိလျှင် ဘာသာ၊ သာသနာရေးနှင့်စပ်လျဉ်း၍ လွတ်လပ်စွာ ကိုးကွယ်နိုင်သော အခွင့်အရေးများကို အညီအမျှရရှိစေခြင်း။

(ဂ ) စာပေ၊ ယဉ်ကျေးမှု၊ အနုပညာနှင့်ဓလေ့ထုံးတမ်းများနှင့်စပ်လျဉ်း၍-

(၁) ဒေသအတွင်း တိုင်းရင်းသားစည်းလုံးညီညွတ်ရေးကို မထိခိုက်စေဘဲ မိမိအမြတ်တနိုးထားရှိသော စာပေ၊ ယဉ်ကျေးမှု၊ အနုပညာနှင့် ဓလေ့ထုံးတမ်းတို့ကို လွတ်လပ်စွာ ပြုစုပျိုးထောင်မှုကို ကူညီပံ့ပိုးခြင်း၊

(၂) နည်းဥပဒေခွဲငယ် (၁) အရ ဆောင်ရွက်ရာတွင် အခြားတိုင်းရင်းသားလူမျိုးတစ်မျိုးကိုဖြစ်စေ၊ လူမျိုးများကိုဖြစ်စေ ထိခိုက်နစ်နာစေနိုင်လျှင် သက်ဆိုင်သူများအချင်းချင်း ညှိနှိုင်း၍ ပြေလည်မှုရရှိပြီးမှသာ ဆောင်ရွက်စေခြင်း။

(ဃ) ပညာသင်ကြားရေးနှင့်စပ်လျဉ်း၍-

(၁) မသင်မနေရ အခြေခံပညာနှင့် ခေတ်မီအတတ်ပညာများ သင်ကြားခွင့်၊ တီထွင်ကြံဆခွင့်နှင့် လွတ်လပ်စွာ သုတေသနပြုဖော်ထုတ်ခွင့်များပေးခြင်း၊

(၂) စာသင်ကျောင်းမရှိသောနေရာ၌ ကျောင်းဖွင့်လှစ်နိုင်ရန် စီမံဆောင်ရွက်ခြင်း၊

(၃) စာသင်ကျောင်းဖွင့်လှစ်ရန် မဖြစ်နိုင်သောနေရာတွင် ဘုန်းတော်ကြီးသင်ပညာရေးနှင့်စေတနာ့ဝန်ထမ်းသင်တန်းများ၊အသက်မွေးမှုလုပ်ငန်း သင်တန်းများ ဖွင့်လှစ်နိုင်ရေးအတွက် စီမံဆောင်ရွက်ခြင်း၊

(၄) ကျောင်းနေအရွယ် ကလေးသူငယ်များ ကျောင်းအပ်နှံနိုင်ရေးအတွက် စီမံဆောင်ရွက် ပေးခြင်း၊

(၅) ကျောင်းနေမြဲရေးနှင့် ကျောင်းသူကျောင်းသားများ ပညာသင်ယူတတ်မြောက်မှုအရည်အသွေးမြင့်မားရေးအတွက် စီမံဆောင်ရွက်ပေးခြင်း၊

(၆) ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုများအတွင်း စာသင်ကျောင်းများ ဆောက်လုပ်ခြင်းနှင့် ပရိဘောဂများ ဖြည့်ဆည်းနိုင်ရန် စီမံဆောင်ရွက်ခြင်း၊

(၇) မိဘဆရာအသင်းများဖွဲ့စည်း၍ ကျောင်းတိုးတက်မှုအရပ်ရပ်ဖြစ်ပေါ်စေရန် စီမံ ဆောင်ရွက်ခြင်း၊

(၈) ကျောင်းစာကြည့်တိုက်များ ဖွင့်လှစ်ခြင်း၊

(၉) ဟောပြောပွဲ၊ ဆွေးနွေးပွဲ၊ ကျပန်းစကားပြောပြိုင်ပွဲ၊ ဗဟုသုတဆိုင်ရာသင်တန်း၊ အ သုံးလုံးသင်တန်းများအပါအဝင် အခြားပညာဗဟုသုတ တိုးတက်မြင့်မားရေးလုပ်ငန်းများဆောင်ရွက်ခြင်း။

(င ) ကျန်းမာရေးနှင့်စပ်လျဉ်း၍-

(၁) နိုင်ငံတော်က ချမှတ်ထားသော ကျန်းမာရေးဆိုင်ရာ မူဝါဒနှင့်အညီ ရောဂါကြိုတင်ကာကွယ်မှု၊ကျန်းမာရေးစောင့်ရှောက်မှုနှင့် ဆေးကုသမှုတို့ကို ခံယူနိုင်စေရန် စီမံဆောင်ရွက်ခြင်း၊

(၂) ရောဂါကြိုတင်ကာကွယ်ရေးအတွက်လည်းကောင်း၊ ကျန်းမာရေးစောင့်ရှောက်မှုအတွက်လည်းကောင်း ကျန်းမာရေးဌာန၊ ဆေးပေးခန်းနှင့် အဆောက်အအုံများ ဆောက်လုပ်နိုင်ရန် စီမံဆောင်ရွက်ခြင်း၊

(၃) ဆေးဝါးများအား အလွယ်တကူ ဝယ်ယူနိုင်ရန် စီမံဆောင်ရွက်ခြင်း၊

(၄) တိုင်းရင်းဆေးခန်းများ ဖွင့်လှစ်နိုင်ရန် စီမံဆောင်ရွက်ခြင်း၊

(၅) ကိုယ်လက်ကြံ့ခိုင်ရေးအတွက် အားကစားသင်တန်းများ ဖွင့်လှစ်ခြင်း၊ အားကစားလေ့ကျင့်ခြင်းနှင့် အားကစားအသင်းများဖွဲ့စည်းခြင်းများ ပြုလုပ်နိုင်ရန် စီမံဆောင်ရွက်ခြင်း၊

(၆) အားကစားဖွံ့ဖြိုးတိုးတက်စေရေးအတွက်ဆောင်ရွက်နိုင်ရန် စီမံဆောင်ရွက်ခြင်း၊

(၇) ရိုးရာအားကစားနည်းများဖော်ထုတ်နိုင်ရန် ကူညီဆောင်ရွက်ခြင်း၊

(၈) ခေတ်မီအားကစားနည်းများအတွက် ကျွမ်းကျင်သော နည်းပြများနှင့် ဆက်သွယ်လေ့ကျင့်ခွင့် ရရှိနိုင်ရန် စီမံဆောင်ရွက်ခြင်း၊

(၉) ရေကောင်းရေသန့် ရရှိနိုင်ရန် စီမံဆောင်ရွက်ခြင်း၊

(၁၀) ကျွဲနွားတိရစ္ဆာန်များ ကူးစက်ရောဂါကျရောက်ပါက သက်ဆိုင်ရာ တိရစ္ဆာန် ဆေးကုသရေးဌာနများ၏ ဆေးဝါးအကူအညီရရှိရန်နှင့် စောင့်ရှောက်မှု ခံယူ နိုင်ရန် စီမံဆောင်ရွက် ခြင်း။

(စ ) လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးနှင့်စပ်လျဉ်း၍-

(၁) ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို ကြီးကြပ်အကောင်အထည်ဖော်ခြင်း နှင့် ဆင်းရဲနွမ်းပါးမှု လျှော့ချရေးဆိုင်ရာလုပ်ငန်းများကို ထိရောက်အောင်မြင် စေရန် ပံ့ပိုးကူညီခြင်း၊

(၂) ဒေသအတွင်းစိုက်ဧကတိုးချဲ့ခြင်း၊ သီးနှံအထွက်နှုန်းတိုးတက်ရေး လုပ်ကိုင် ခြင်း၊ တီထွင်ကြံဆခြင်း၊နည်းလမ်းရှာဖွေခြင်းနှင့် သုတေသနပြုခြင်းများကို ဆောင်ရွက်နိုင် ရန် စီမံဆောင်ရွက်ခြင်း၊

(၃) ကုန်သွယ်မှု၊ ကုန်ထုတ်လုပ်မှု၊ ဝန်ဆောင်မှုလုပ်ငန်းများနှင့်ဈေးကွက် ရှာဖွေ ခြင်းလုပ်ငန်းများကိုလွတ်လပ်စွာလုပ်ကိုင်နိုင်ရန် စီမံဆောင်ရွက်ခြင်း၊

(၄) မျိုးစေ့၊ ဓာတ်မြေဩဇာ၊ ပိုးသတ်ဆေးစသည့် သွင်းအားစုများကိုသော် လည်းကောင်း၊ ထွန်ယက်ကိရိယာ၊ စိုက်စရိတ်များကို တစ်ဦးချင်း သို့မဟုတ် အစုအဖွဲ့စနစ်ဖြင့် သော်လည်းကောင်း ရင်းနှီးမြှုပ်နှံလုပ်ကိုင်နိုင်ရန် စည်းရုံး ဆောင်ရွက်ခြင်း၊

(၅) နည်းပညာလိုအပ်ချက်နှင့် အရင်းအနှီးလိုအပ်ချက်တို့ကို အကူအညီရရှိရန် စီမံ ဆောင်ရွက်ခြင်း၊

(၆) သားငါးကဏ္ဍတွင် တစ်နိုင်တစ်ပိုင်မွေးမြူရေး၊ စုပေါင်းမွေးမြူရေး၊ စီးပွားဖြစ် မွေးမြူရေးအပြင် ရေမြေအခြေအနေနှင့်အညီ ပေါင်းစည်းလယ်ယာ စိုက်ပျိုးမှု နှင့် စီးပွားဖြစ် စိုက်ပျိုးထုတ်လုပ်မှု လုပ်ကိုင်နိုင်ရန် စီမံဆောင်ရွက်ခြင်း၊

(၇) အစုအဖွဲ့ဖြင့် ဆောင်ရွက်ခြင်းမှတစ်ဆင့် တစ်ရွာလျှင် ကုန်ထုတ်လုပ်မှုတစ်မျိုး သို့ ကူးပြောင်းဆောင်ရွက်နိုင်ရန် စီမံဆောင်ရွက်ခြင်း၊

(၈) တစ်ရွာလျှင်ကုန်ထုတ်လုပ်မှုတစ်မျိုးမှ ဒေသအလိုက် အခြားလက်မှုပစ္စည်း၊ အနုပညာ ပစ္စည်း၊ လူသုံးအိမ်သုံးပစ္စည်း၊ ယွန်းထည်၊ စဉ့်ထည်၊ ငွေထည် ကြေးထည်လုပ်ငန်း၊ ပိုးလုပ်ငန်း၊ ယက္ကန်းလုပ်ငန်း၊ စက်ချုပ်လက်ချုပ်လုပ်ငန်း၊ အိမ်တွင်း စက်မှုလက်မှု လုပ်ငန်းများကို အစုအဖွဲ့ဖြင့် လုပ်ကိုင်ခြင်းနှင့် နည်းပညာ ၊ အရင်းအနှီး အကူအညီရယူခြင်းတို့ကို ဆောင်ရွက်နိုင်ရန် စီမံ ဆောင်ရွက်ခြင်း၊

(၉) လူမှုရေးလုပ်ငန်းအဖြစ် သက်ကြီးရွယ်အို၊ အမျိုးသမီးနှင့် ကလေးသူငယ်များ ကို ကာကွယ်စောင့်ရှောက်ခြင်း၊

(၁၀) လူမှုရေးအသင်းအဖွဲ့များ၊ ပရဟိတအဖွဲ့အစည်းများ ဖွဲ့စည်း၍ လေလွင့် လူငယ်များ၊ ခိုကိုးရာမဲ့အမျိုးသမီးများနှင့်မသန်မစွမ်းသူများကို ပြန်လည် ထူထောင်ရေးဆိုင်ရာ ဂေဟာများနှင့် ဆက်သွယ်၍ကူညီစောင့်ရှောက်နိုင်ရန် စီမံ ဆောင်ရွက်ခြင်း၊

(၁၁) အမျိုးသမီးရေးရာအဖွဲ့၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအဖွဲ့များ၊ ကြက်ခြေနီနှင့် အရန်မီးသတ်တပ်ဖွဲ့ များဖွဲ့စည်းခြင်း၊ သင်တန်းပေးခြင်း၊

(၁၂) ရပ်ကွက် သို့မဟုတ် ကျေးရွာအလိုက် စာကြည့်တိုက်ထူထောင်ခြင်း၊ မြန်မာ နိုင်ငံစာကြည့်တိုက်များ၊ ဖောင်ဒေးရှင်းများနှင့်ဆက်သွယ်ပြီး စာအုပ်စာပေ၊ ဂျာနယ်မဂ္ဂဇင်းနှင့်နည်းပညာများအကူအညီရယူခြင်းနှင့်ပညာပေး ဆွေးနွေး ပွဲများ၊ ဟောပြောပွဲများကျင်းပခြင်းတို့နှင့်စပ်လျဉ်း၍ စီမံဆောင်ရွက်ခြင်း။

## အခန်း(၈)

## ချီးမြှင့်ထောက်ပံ့ငွေ

၃၈။ ဥပဒေ ပုဒ်မ ၂၈ ပါ ချီးမြှင့်ထောက်ပံ့ငွေတို့နှင့် စပ်လျဉ်း၍ -

(က) ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးအတွက် လစဉ်ချီးမြှင့်ထောက်ပံ့ငွေ ကို နိုင်ငံတော်မှသတ်မှတ်ခွဲဝေပေးပါက ပြည်ထဲရေးဝန်ကြီးဌာန အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန၏ ပြည်ထောင်စုရငွေသုံးငွေ အသုံးစရိတ်နှင့် တိုင်းဒေသကြီး

သို့မဟုတ် ပြည်နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ရုံးများ၏ ရငွေသုံးငွေ အသုံးစရိတ်မှ ဘဏ္ဍာရေးလုပ်ထုံး လုပ်နည်းများနှင့်အညီ ထုတ်ပေးရမည်။

(ခ) သက်တမ်းကာလအပြည့် တာဝန်ကိုကျေပွန်စွာထမ်းဆောင်သော ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးသည် တစ်လုံးတစ်ခဲတည်းချီးမြှင့်ငွေကို ဘဏ္ဍာရေး လုပ်ထုံးလုပ်နည်းနှင့်အညီ နိုင်ငံတော်မှ သတ်မှတ်ခွင့်ပြုပေးရန် သက်ဆိုင်ရာ မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ရုံးမှတစ်ဆင့် နိုင်ငံတော်သမ္မတရုံး နိုင်ငံရေးပင်စင် ဌာနသို့ တင်ပြလျှောက်ထားရမည်။

## အခန်း(၉)

## ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုစာရေး

၃၉။ (က) ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးသည် ရပ်ကွက်သို့မဟုတ် ကျေးရွာအုပ်စုစာရေး၏ အထွေထွေစည်းကမ်းသေဝပ်မှုနှင့်ရုံးစည်းကမ်းများ လိုက်နာရေးကို ကြီးကြပ်ကွပ်ကဲရမည်။

(ခ) ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုစာရေးသည် ဥပဒေပုဒ်မ ၃၂ ပါ ရုံးလုပ်ငန်း များကို ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး၏ ညွှန်ကြားချက် နှင့်အညီ အချိန်မီပြီးစီးစေရန် ဆောင်ရွက်ရမည်။

(ဂ) ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုစာရေးသည် ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေး ရုံးအသုံးစရိတ်များကို ရပ်ကွက်သို့မဟုတ်ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး ၏ ကြီးကြပ်မှုနှင့် ခွင့်ပြုချက်အရ သုံးစွဲရမည်။

## အခန်း (၁၀)

## စာရင်းဇယားပုံစံများထားရှိခြင်း

၄၀။ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးသည် အောက်ပါစာရင်းဇယား၊ မှတ်တမ်း များကို ထိန်းသိမ်းထားရှိရမည်။ မြို့နယ်နှင့်အထက်အဆင့်အဖွဲ့အစည်းများမှအခါအားလျော်စွာ ညွှန်ကြားသော အောက်ပါစာရင်းဇယားများကို ပြုစုထားရှိရမည်-

(က) **အုပ်ချုပ်ရေးဆိုင်ရာစာရင်းများ**

(၁) (ကက) ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုလူဦးရေအခြေပြ စာရင်း — အ/ပုံစံ -၁(က)

(ခခ) ပြောင်းရွှေ့ဝင်ရောက်မှုနှင့်ပြောင်းရွှေ့ထွက်ခွာမှုစာရင်း — အ/ပုံစံ -၁(ခ)

(ဂဂ) ရပ်ဝေးဒေသတွင် သွားရောက်အလုပ်လုပ်ကိုင်သူများ စာရင်း — အ/ပုံစံ -၁(ဂ)

(၂) မွေးစာရင်း မှတ်ပုံတင် — အ/ပုံစံ -၂

(၃) သေစာရင်း မှတ်ပုံတင် — အ/ပုံစံ -၃

(၄) ဧည့်စာရင်း မှတ်ပုံတင် — အ/ပုံစံ -၄

(၅) ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အဆောက်အအုံဆိုင်ရာ-

(ကက) အခြေပြစာရင်း — အ/ပုံစံ -၅(က)

(ခခ) အတိုး၊ အလျော့စာရင်း — အ/ပုံစံ -၅(ခ)

(၆) ရပ်ကွက်သို့မဟုတ်ကျေးရွာဖွံ့ဖြိုးရေးရန်ပုံငွေဖြင့် ဆောင်ရွက်သည့် လုပ်ငန်းစာရင်း — အ/ပုံစံ -၆

(ခ) **စီးပွားရေးဆိုင်ရာစာရင်းများ**

(၁) ကျေးရွာရှိလူဦးရေအင်အားနှင့် လယ်လုပ်ကိုင်ကိုင်ရိယာ အင်အားအခြေအနေ — စ/ပုံစံ - ၇

(၂) တောင်သူတစ်ဦးချင်းအလိုက် လုပ်ပိုင်ခွင့်ရ မြေဧရိယာစာရင်း — စ/ပုံစံ -၈

(၃) ရာသီအလိုက် သီးနှံစိုက်ပျိုးမှုအခြေအနေ — စ/ပုံစံ -၉

(၄) မျိုးကောင်းမျိုးသန့်ပြန့်ပွားမှုအခြေအနေ — စ/ပုံစံ - ၁၀

(၅) တိရစ္ဆာန်ရောဂါဖြစ်ပွားကျရောက်မှုစာရင်း — စ/ပုံစံ - ၁၁

(၆) ရေလုပ်ငန်းစာရင်း — စ/ပုံစံ -၁၂

(၇) ရပ်ကွက်သို့မဟုတ်ကျေးရွာအုပ်စု၏လူမှုရေး၊ စီးပွားရေး အခြေပြစာရင်း — စ/ပုံစံ - ၁၃

(ဂ) **လူမှုရေးဆိုင်ရာစာရင်းများ**

(၁) အရန်မီးသတ်တပ်ဖွဲ့ဝင်များစာရင်း လ/ပုံစံ - ၁၄

(၂) လူမှုရေးအဖွဲ့အစည်းများဖြစ်သည့်-

(ကက) ကြက်ခြေနီတပ်ဖွဲ့ဝင်များစာရင်း လ/ပုံစံ ၁၅(က)

( ခခ ) မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း လ/ပုံစံ -၁၅(ခ)

( ဂဂ ) အမျိုးသမီးရေးရာအဖွဲ့ လ/ပုံစံ -၁၅(ဂ)

(ဃဃ) အခြားလူမှုရေးအသင်း လ/ပုံစံ -၅(ဃ)

(၃) စာသင်ကျောင်းနှင့်ကျောင်းသားဦးရေအခြေပြစာရင်း လ/ပုံစံ - ၁၆

(၄) ကျေးရွာသို့ရောက်ရှိသော ဝန်ထမ်းများ၏ လုပ်ဆောင်ချက်မှတ်တမ်း လ/ပုံစံ - ၁၇

(ဃ) **ရုံးတွင်းစီမံခန့်ခွဲမှု စာရင်းစာအုပ်များ**

(၁) ဝင်စာမှတ်ပုံတင်စာအုပ် ရ/ပုံစံ - ၁၈

(၂) ထွက်စာမှတ်ပုံတင်စာအုပ် ရ/ပုံစံ - ၁၉

(၃) ဒေသတွင်းပို့စာ မှတ်ပုံတင်စာအုပ် ရ/ပုံစံ - ၂၀

(၄) ရုံးအသုံးအဆောင်နှင့် ပရိဘောဂမှတ်ပုံတင်စာရင်း ရ/ပုံစံ -၂၁

(င) **လုံခြုံရေးဆိုင်ရာစာရင်းစာအုပ်များ**

(၁) ရဲအရာရှိများလာရောက်မှုမှတ်ပုံတင် လရ/ပုံစံ -၂၂

(၂) ရပ်ကွက်သို့မဟုတ်ကျေးရွာအုပ်စုအတွင်းအမှုကြီးဖြစ်ပွားမှုစာရင်း လရ /ပုံစံ- ၂၃

(၃) မတရားအသင်းနှင့်စပ်လျဉ်း၍-

(ကက) တောခိုသူများစာရင်း လရ/ပုံစံ-၂၄(က)

(ခခ) အလင်းဝင်၊ လက်နက်ချသူများစာရင်း လရ/ပုံစံ- ၂၄(ခ)

(၄) ခြေချုပ်နှင့်ခံဝန်အက်ဥပဒေအရနေရသူများစာရင်းစာအုပ် လရ/ပုံစံ- ၂၅

(၅) ဒုစရိုက်မှုနှင့်အသက်မွေးဝမ်းကျောင်းပြုတတ်သူများ စာရင်း လရ/ပုံစံ -၂၆

(၆) ထောင်ဒဏ်ကျခံရဖူးသူများစာရင်း လရ/ပုံစံ -၂၇

၄၁။ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးရုံးတွင် အောက်ပါတို့ကို ထားရှိရမည်-

(က) ကြော်ငြာသင်ပုန်း၊

(ခ) အစည်းအဝေးမှတ်တမ်းများ၊

(ဂ) ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု နယ်မြေ အကျယ်အဝန်းများဇေကစာရင်း၊

(ဃ) ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု နယ်နိမိတ်ဖော်ပြထားသော မြေပုံ။

## အခန်း(၁၁)

## အထွေထွေ

၄၂။ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးသည် ဥပဒေ ပုဒ်မ ၂၉ အရ ရုံးအသုံးစရိတ်များကို ညွှန်ကြားချက်များနှင့်အညီ သုံးစွဲရမည်။

၄၃။ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုများတွင် ခန့်ထားသော ဆယ်အိမ်စုမှူးများသည် ဥပဒေ အခန်း(၅)ပါ လိုက်နာစောင့်ထိန်းရမည့် ကျင့်ဝတ်များကိုလည်းကောင်း၊ ဥပဒေအခန်း(၆)ပါ လုပ်ငန်းအခြေခံမှုများကိုလည်းကောင်း လိုက်နာဆောင်ရွက်ရမည်။

၄၄။ အကြောင်းအမျိုးမျိုးကြောင့် ဆယ်အိမ်စုမှူးများ လစ်လပ်ပါက အစားထိုးခန့်အပ်တာဝန်ပေးနိုင်ရေးအတွက် ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးသည် နည်းဥပဒေ ၂၈ပါ အတိုင်း ဆောင်ရွက်၍ မြို့နယ်အုပ်ချုပ်ရေးမှူးထံတင်ပြရမည်။

(ပုံ) ဒုတိယဗိုလ်ချုပ်ကြီး ကိုကို
ပြည်ထောင်စုဝန်ကြီး
ပြည်ထဲရေးဝန်ကြီးဌာန

ပုံစံ (က)

**ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးအဖြစ် ခန့်အပ်တာဝန်ပေးရန် ဆယ်အိမ်စု ကိုယ်စားလှယ်များအဖြစ် အဆိုပြုခံရသော ပုဂ္ဂိုလ်များ၏ အမည်စာရင်း**

**[ နည်းဥပဒေ - ၇ ]**

-------------- ရပ်ကွက် / ကျေးရွာအုပ်စု ရက်စွဲ၊ - -

| စဉ် | အဆိုပြုခံရသည့် ပုဂ္ဂိုလ်အမည် | အဘအမည် | လူမျိုး/ ဘာသာ | နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ် | နေရပ်လိပ်စာ | မှတ်ချက် |
|---|---|---|---|---|---|---|
| | | | | | | |

**ကြီးကြပ်ရေးအဖွဲ့**

| အဖွဲ့ဝင် (၁) | အဖွဲ့ဝင် (၂) | အဖွဲ့ဝင် (၃) | အဖွဲ့ဝင် (၄) | အဖွဲ့ဝင် (၅) |
|---|---|---|---|---|
| လက်မှတ်-------- | လက်မှတ်-------- | လက်မှတ်-------- | လက်မှတ်-------- | လက်မှတ်-------- |
| အမည်----------- | အမည်----------- | အမည်----------- | အမည်----------- | အမည်----------- |

**ပုံစံ (ခ)**

**ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးအဖြစ် ခန့်အပ်တာဝန်ပေးရန် အဆိုပြုခံရသော ပုဂ္ဂိုလ်များ၏ အမည်စာရင်း**

**[ နည်းဥပဒေ - ၉ ]**

———————— ရပ်ကွက် / ကျေးရွာအုပ်စု                                        ရက်စွဲ၊ – –

| စဉ် | အဆိုပြုခံရသည့် ပုဂ္ဂိုလ်အမည် | အဘအမည် | လူမျိုး/ ဘာသာ | နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ် | နေရပ်လိပ်စာ | မှတ်ချက် |
|---|---|---|---|---|---|---|
| | | | | | | |

**ကြီးကြပ်ရေးအဖွဲ့**

| **အဖွဲ့ဝင် (၁)** | **အဖွဲ့ဝင် (၂)** | **အဖွဲ့ဝင် (၃)** | **အဖွဲ့ဝင် (၄)** | **အဖွဲ့ဝင် (၅)** |
|---|---|---|---|---|
| လက်မှတ်-------- | လက်မှတ်-------- | လက်မှတ်-------- | လက်မှတ်-------- | လက်မှတ်-------- |
| အမည်----------- | အမည်----------- | အမည်----------- | အမည်----------- | အမည်----------- |

**ပုံစံ (ဂ)**

**ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးအဖြစ် ခန့်အပ်တာဝန်ပေးရန် အဆိုပြုခံရသော ပုဂ္ဂိုလ်များ၏ မဲရရှိမှုစာရင်း**

**[ နည်းဥပဒေ - ၉ ]**

—————————— ရပ်ကွက် / ကျေးရွာအုပ်စု ရက်စွဲ၊ – –

| စဉ် | အဆိုပြုခံရသည့် ပုဂ္ဂိုလ်အမည် | အဘအမည် | လူမျိုး/ ဘာသာ | နိုင်ငံသားစိစစ်ရေး ကတ်ပြားအမှတ် | နေရပ်လိပ်စာ | မဲအရေအတွက် | မှတ်ချက် |
|---|---|---|---|---|---|---|---|
| | | | | | | | |

**ရှင်းလင်းချက်။** မဲရရှိမှုအများအနည်းအလိုက်စာရင်းပြုစုထားရန် ဖြစ်ပါသည်။

**ကြီးကြပ်ရေးအဖွဲ့**

| အဖွဲ့ဝင် (၁) | အဖွဲ့ဝင် (၂) | အဖွဲ့ဝင် (၃) | အဖွဲ့ဝင် (၄) | အဖွဲ့ဝင် (၅) |
|---|---|---|---|---|
| လက်မှတ်-------- | လက်မှတ်-------- | လက်မှတ်-------- | လက်မှတ်-------- | လက်မှတ်-------- |
| အမည်----------- | အမည်----------- | အမည်----------- | အမည်----------- | အမည်----------- |

ပုံစံ (ဃ)

## ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးအဖြစ် ခန့်အပ်တာဝန်ပေးရန် ရွေးချယ်ခံရသော ပုဂ္ဂိုလ်၏ အမည်စာရင်း

[ နည်းဥပဒေ - ၉ ]

—————————— ရပ်ကွက် / ကျေးရွာအုပ်စု ရက်စွဲ၊ – –

| စဉ် | ရွေးချယ်ခံရသည့် ပုဂ္ဂိုလ်အမည် | အဘအမည် | လူမျိုး/ ဘာသာ | နိုင်ငံသားစိစစ်ရေး ကတ်ပြားအမှတ် | မဲအရေ အတွက် | နေရပ်လိပ်စာ | မှတ်ချက် |
|---|---|---|---|---|---|---|---|
| | | | | | | | |

**ကြီးကြပ်ရေးအဖွဲ့**

| အဖွဲ့ဝင် (၁) | အဖွဲ့ဝင် (၂) | အဖွဲ့ဝင် (၃) | အဖွဲ့ဝင် (၄) | အဖွဲ့ဝင် (၅) |
|---|---|---|---|---|
| လက်မှတ်-------- | လက်မှတ်-------- | လက်မှတ်-------- | လက်မှတ်-------- | လက်မှတ်-------- |
| အမည်----------- | အမည်----------- | အမည်----------- | အမည်----------- | အမည်----------- |

ပုံစံ (ဃ) အဆက်(၁)

## ရွေးချယ်ခံရသည့် ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၏ ကိုယ်ရေးအချက်အလက်များ

[ နည်းဥပဒေ ၉ ]

ဓာတ်ပုံ

၁။ အမည် ------------------------------------------------

၂။ အခြားအမည် (ရှိလျှင်) ------------------------------------------------

၃။ အသက်နှင့်မွေးသက္ကရာဇ် ------------------------------------------------

၄။ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်------------------------------------------------

၅။ အလုပ်အကိုင် (အပြည့်အစုံ) ------------------------------------------------

၆။ ပညာအရည်အချင်း(နောက်ဆုံးအောင်မြင်သည့်အတန်း) ------------------------------------------------

၇။ လူမျိုးနှင့်ကိုးကွယ်သည့်ဘာသာ ------------------------------------------------

၈။ မွေးဖွားရာဇာတိ ------------------------------------------------

၉။ လက်ရှိနေရပ်လိပ်စာ ------------------------------------------------

၁၀။ သက်ဆိုင်ရာရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအတွင်းတစ်ဆက်တည်းနေထိုင်ခဲ့သောကာလ ------------------------------------------------

၁၁။ တာဝန်ထမ်းဆောင်ချိန်တွင် သက်ဆိုင်ရာရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုတွင်အမှန်တကယ်နေထိုင်မည့်သူဟုတ်/မဟုတ် ------------------------------------------------

၁၂။ နိုင်ငံရေးပါတီဝင်ဖြစ်/မဖြစ်နှင့် ပါတီဝင်ဖြစ်က ပါတီအမည်နှင့် တာဝန် ------------------------------------------------

ပုံစံ (ဃ) အဆက်(၂)

## ရွေးချယ်ခံရသည့် ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၏ ကိုယ်ရေးအချက်အလက်များ

[ နည်းဥပဒေ ၉ ]

၁၃။ လက်နက်ကိုင်အဖွဲ့အစည်းဝင်နှင့် မတရား ---------------------------------------------------
အသင်းအဖွဲ့များ၌ ပါဝင်သူ၊ ဆက်သွယ်သူ ---------------------------------------------------
ဟုတ်/မဟုတ် ---------------------------------------------------

၁၄။ ပြစ်မှုပြစ်ဒဏ်ကျခံရဖူးခြင်းရှိ/မရှိ ---------------------------------------------------
နှင့်ရှိက ပြစ်မှုနှင့်ပြစ်ဒဏ်အမျိုးအစား ---------------------------------------------------

၁၅။ ဆောင်ရွက်ခဲ့ဖူးသည့် ရပ်ရွာအကျိုးပြု ---------------------------------------------------
လုပ်ငန်းများ ---------------------------------------------------
---------------------------------------------------

၁၆။ အဘအမည်နှင့် နိုင်ငံသားစိစစ်ရေး ---------------------------------------------------
ကတ်ပြားအမှတ် ---------------------------------------------------

၁၇။ အမိအမည်နှင့် နိုင်ငံသားစိစစ်ရေး ---------------------------------------------------
ကတ်ပြားအမှတ် ---------------------------------------------------

၁၈။ ခင်ပွန်း/ဇနီးအမည်၊ အလုပ်အကိုင်၊ ---------------------------------------------------
နေရပ်လိပ်စာ ---------------------------------------------------

၁၉။ သား/သမီးများ၏ အမည်၊ အလုပ် ---------------------------------------------------
အကိုင်နှင့် နေရပ်လိပ်စာများ ---------------------------------------------------
